



www.foreverspace.com.mm

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.foreverspace.com.mm

အကြည်တော်

# နတ်ပြည်၏ နံ့နက်ခင်း

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၇၇

www.foreverspace.com.mm

# ပုံနှိပ်မှတ်တမ်း


အကြည်တော်၏ စာအုပ်အမှတ်စဉ် (၃၂)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၁၃၀၃၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၇၅၁၀၀၇

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၃၀၀) |
| | | ၈၈၊ ၃ထပ်(ညာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးထင်ကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/ခ၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

www.foreverspace.com.mm

# နံနက်ခင်း

အကြည်တော်

မနက် ရောင်က တောက်တောက်ကလေး လင်းနေသည်။ ကျွန်တော်အမြဲထိုင်နေကျ ဆိုပ်ဖလူးပင်အောက်သူမနှင့်ကျွန်တော် မျက်နှာချင်းဆိုင်ထိုင်မိကြသည်။

ညက တစ်ညလုံး မွေးကြူနေခဲ့သော ဆိုပ်ဖလူးပန်းဖြူဖြူကလေးများ ကျွန်တော်တို့နှစ်ယောက်၏ခြေရင်းတွင် ကြဲပြန့်နေ၏။ ကျွန်တော်တို့နှင့်မလှမ်းမကမ်းတွင် အိမ်ရှေ့အိမ်မှကလေးငယ်များ ဆိုပ်ဖလူးပန်းအကြွေ

များလာကောက်နေကြသည်။ သူတို့ကဆိပ်ဖလူးပန်းအကြွေများကို သိကုံးပြီးဘုရားတင်နေကျ။

သူမထံမှသက်ပြင်းချသံကြားရ၏။ ထိုသက်ပြင်းချသံနှင့်အတူ သူမကြုံတွေ့နေရသောအခက်အခဲများ ကျွန်တော့်ရင်ထဲရောက်လာသည်။

"အမေက. . အခုမန္တလေးမှာလေ . . . ပြန်မလာသေးဘူး"

သူမ၏အသံကတိုးတိုးလေး။ သူမ၏အမေနှင့်အဖေက အဆင်မပြေဖြစ်ပြီး အမေကအိမ်ပေါ်မှ ခေတ္တဆင်းသွားခြင်းသာဖြစ်သည်။

"ဒါ . . . ကြီးကျယ်တဲ့ကိစ္စမှမဟုတ်တာ ညီမလေးရယ်. . . ဒါမျိုးဆိုတာ . . "

"အစ်ကို ကြုံဖူးလို့လား . . ."

ကျွန်တော့်စကားမဆုံးမီ သူမဖြတ်ပြောလိုက်သောကြောင့် ကျွန်တော် ခေတ္တကြောင်အမ်းသွားမိသည်။ နောက်မှ သူမ၏ဘဝကို ပြန်စဉ်းစားကြည့်မိသည်။ အဖေက ဆရာဝန်ကြီးတစ်ယောက်၊ အမေကလည်း အဆင်ပြေသည့် မိသားစုမှပေါက်ဖွားလာသူ။ သူမတို့မောင်နှမသုံးယောက်ရှိသည်။ သူမကအငယ်ဆုံး။အစ်ကိုအကြီးဆုံးကလည်း ဆရာဝန်၊ နိုင်ငံခြားမှာ။ အလတ်တစ်ယောက်ကလည်း နိုင်ငံခြားမှာ။ သူမကလည်းဆရာဝန် အမှတ်မီပါလျက်နှင့်ဆရာဝန်မလုပ်ဘဲနိုင်ငံခြားမှာကျောင်းတက်ပြီးပြန်လာသူ။ ကဲ . . စဉ်းစားကြည့်ပါဦး။ ဒီလောက် ဘယ်သူကပြည့်စုံဦးမည်နည်း။ ဒါကိုတောင် မိဘက အဆင်မပြေဖြစ်၍ သောကရောက်နေရသည်တဲ့။

"ညီမလေးရယ် . . . လောကမှာ ကိုယ့်တစ်ယောက်တည်း ဒုက္ခရောက်နေတယ်လို့မတွက်နဲ့. . . ပတ်ဝန်းကျင်ကိုပြန်ကြည့်ဦး. . . .

ကိုယ့်ထက်အခြေအနေဆိုးတဲ့သူတွေအများကြီး . . အဲဒီ့ပတ်ဝန်းကျင်နဲ့ ယှဉ်စဉ်းစားပြီး ကိုယ့်ဘဝကိုပြန်နှစ်သိမ့်စမ်းပါ . . အဲဒါဆိုကိုယ်က အများကြီးကံကောင်းတဲ့သူဆိုတာ သိလာရလိမ့်မယ်"

ကျွန်တော်၏နှစ်သိမ့်စကား။ ဒါကိုသူမက . . .

"ပတ်ဝန်းကျင်ဆိုတာ ကိုယ့်ဘဝမှမဟုတ်တာ . . . သူတို့အကြောင်းစဉ်းစားနေလို့ . . . ကိုယ့်အခက်အခဲတွေ ပြေလည်သွားမှာမှ မဟုတ်တာ . . . စိတ်ညစ်ပါတယ် . . ."

သူမစကားကြောင့် ကျွန်တော်ဘယ်လိုဖြေရှင်းပေးရမှန်း မသိ ဖြစ်နေမိ၏။ နောက်မှ . .

"ဒီလို ညီမရဲ့ . . . ဒုက္ခဆိုတာ လူတိုင်းကြုံတွေ့ရတာချည်းပဲ ဒါကို အတင်းဝင်ခံစားပြီး ပူဆွေးနေရတာယ်ဆိုတာကတော့ မဖြစ်သင့်ဘူး . . . ကိုယ်အမြဲပြောနေတဲ့ စကားရှိတယ် . . လူ့ဘဝဆိုတာ ခံစားတတ်တဲ့သူတွေအတွက် အလွမ်းဇာတ်ဖြစ်ပြီး . . . တွေးတောတတ်သူတွေအတွက်တော့ ရယ်ရွှင်ဖွယ်ဇာတ်လမ်းပဲဖြစ်တယ်ဆိုတာ . . ကိုယ့်ဘဝကို ကိုယ်ကဆိုးလှချည်ရဲ့ဆိုပြီး ခံစားနေရင်တော့ အလွမ်းဇာတ်ထဲကဘယ်ထွက်လို့ရတော့မှာလဲ . . . ဒါကိုပဲနှိုင်းယှဉ်ချင့်ချိန်ပြန်စဉ်းစားကြည့် . . . ပြဿနာကို အဖြေရှာနိုင်တဲ့သော့ချက်ကိုတွေ့လာလိမ့်မှာပေါ့ . . . ဒီအချက်ကိုသိလာရင်ဖြေရှင်းရတာလွယ်လွယ်လေးဖြစ်သွားလိမ့်မယ်"

"အဲဒီလိုမှမလုပ်ဘဲ ဒီအတိုင်းပဲသွေးဆူနေရင်တော့ ဘယ်လို ဖြေရှင်းလို့ရနိုင်မှာလဲ ဥပမာ . . ကိုယ်ငယ်စဉ်က တစ်ခုခုကြောင့် ခေါင်းပေါက်ဖူးခဲ့တယ်ဆိုပါတော့ . . . အဲဒီ့ခေါင်းပေါက်တဲ့အချိန်မှာ သွေးထွက်လို့သည်းထန်စွာငိုကြွေးခဲ့ရှူးမယ် . . . ဒါပေမယ့် အချိန်ကြာလာတဲ့အခါ အခုအချိန်မျိုးမှာ ငယ်စဉ်ကခေါင်းပေါက်ခဲ့တဲ့

www.foreverspace.com.mm

နေရာမှာက အမာရွတ်ကလေးပဲကျန်တော့လိမ့်မယ်"

"အဲဒီ့အမာရွတ်ကလေးကိုပြန်စမ်းမိတိုင်း ငယ်ငယ်တုန်းက ခေါင်းပေါက်တုန်းကလိုပဲ ငိုကြွေးနေဦးမှာလား . . . ဒါမှမဟုတ် . . ဩော် . . . ငါ ငယ်ငယ်ကဒီလိုဖြစ်ခဲ့ပါလားဆိုတာ စဉ်းစားမိပြီးပြုံး လိုက်မှာလား ကဲ . . ဘယ်ဟာကိုရွေးချယ်ချင်လဲ . . ."

ကျွန်တော် သူမကိုရှည်လျားစွာရှင်းပြလိုက်သည်။ သူမက တော့ ကျွန်တော့်စကားများကိုနားလည်လား၊ နားမလည်လားမသိ အကြာကြီးငိုင်နေသည်။ သူမကတော့ တော်ရုံနှင့်အလျှော့မပေးတတ် မှန်းကျွန်တော်သိသည်။ ထင်သည့်အတိုင်းပင် . . .

"ဒါဆို . . . သူတစ်ပါးရဲ့လက်ရိုက်ကြံ့နေရတဲ့သောကကို ပျော် ရွှင်စရာဖြစ်သွားအောင် အစ်ကိုလုပ်လို့ရလား . . ."

သူမစကားကြောင့် ကျွန်တော်တောင့်ခနဲဖြစ်သွားရ၏။

မေးခွန်းက လွယ်လွယ်လေး။ ကျွန်တော်ရုတ်တရက်ဘာပြန် ဖြေရမှန်းမသိ။ နောက်မှ ခန္ဓာကိုယ်ကိုဖြေလျှော့ရင်း . . .

"ကျွန်တော်စဉ်းစားကြည့်ပါ့မယ် ညီမလေးရယ် . . ."

သူမနှင့်ကျွန်တော်စကားမဆက်မိတော့။ နံဘေးမှာလည်း ဆိပ်ဖလူးပန်းတို့ လွင့်ပျံ့နေဆဲ။

ကြာခဲ့ပါပြီ။ သူမနှင့် ကျွန်တော်ထပ်မတွေ့ဖြစ်တော့ပါ။ သို့ သော် သူမ၏စကားများ ကျွန်တော့်ခေါင်းထဲက ထုတ်ပစ်၍ မရနိုင် ဖြစ်နေ၏။

လက်ရိုကြံ့နေရတဲ့သောကကို ဘယ်လိုပျော်ရွှင်စရာဖြစ် အောင်လုပ်မှာလဲ။ ပျော်ရွှင်စရာဖြစ်အောင်လုပ်ရမယ့်သောကရဲ့ ထု ထည်ဘယ်လောက်ရှိမှာလဲ။တော်ရုံတန်ရုံသောကလောက်ကို ပျော်ရွှင် စရာဖြစ်အောင်လုပ်ရတာလွယ်ပါလိမ့်မည်။ ထိုသို့ဆိုလျှင်လည်း

www.foreverspace.com.mm

ကျွန်တော့်ရဲ့ဆိုလိုရင်းကို ရောက်နိုင်ပါမည်လား။

ဒါဆို လူတွေရဲ့အကြီးမားဆုံး သောကကို ပျော်ရွှင်စရာဖြစ်အောင် ဘယ်လိုလုပ်မှာလဲ . . အကြီးမားဆုံးသောကသည် ဘာလဲ။

"နာရေး . . . ."

နာရေးပင်ဖြစ်လိမ့်မည်ဟုထင်ပါသည်။ ကျွန်တော့်အမြင်တော့ ထိုနာရေးသည် နတ်ပြည်၏နံနက်ခင်းအတိုင်းပင်ဖြစ်လိမ့်မည်။

ထို့ကြောင့်နာရေးကိုပင် ပျော်ရွှင်စရာမဟုတ်တောင် အတတ်နိုင်ဆုံး စိတ်ပြေလျော့သွားနိုင်စေရန်အတွက် တင်ပြလိုက်ရပါသည်။ သံဝေဂရသ ခံစားရင်း . . .

အားလုံး သောက ကင်းဝေးစွာ ပျော်ရွှင်နိုင်ကြပါစေ။

www.foreverspace.com.mm

"သွားတော့သားရေ . . သွားတော့ လောကမှာ ကိုယ်လိုချင်တဲ့ မိန်းမ လည်းရ၊ ကိုယ်ကြိုက်တဲ့အရက်လည်း တဝကြီးသောက်ပြီး စောစောစီးစီး သေပစ်လိုက်တဲ့မင်းဘဝပဲ ကောင်းပါ တယ်သားရယ်"

အိမ်ရှေ့ကမြင်တွင်ထိုင်၍ ဆေးပေါ့လိပ်ကို မီးရဲနေအောင် ဖွာပြီး ခပ်ဖြည်းဖြည်း ခပ်လေးလေးရေရွတ် နေသောဘွားစမ်းမြ၏အသံဖြစ်သည်။ သားဖြစ်သူ သေဆုံးသွားသော်လည်း

www.foreverspace.com.mm

ပူဆွေးဝမ်းနည်းနေဟန်မတူဘဲ တစ်စုံတစ်ခုကိုစိတ်အေးလက်သာ ပြောပြနေသည်နှင့်ပင်တူသေး၏။ သူ့ဘေးတွင်တော့ ဝမ်းနည်းပူဆွေးဟန်နှင့် တရှုံ့ရှုံ့ငိုကြွေးနေသောမိန်းမရွယ်တစ်ယောက်။

"သွားတော့ မောင်တင်မောင်ရေ. . . သွားတော့နော်. . . လောကမှာ ကိုယ်လိုချင်တဲ့ မိန်းမလည်းရပြီးပြီ. . . ကိုယ်ကြိုက်တဲ့ အရက်လည်း တဝသောက်ပြီးပြီ. . . ခြေလွတ်လက်လွတ်သေပစ် လိုက်တဲ့မင်းဘဝပဲအေးပါတယ်တော်. . . ကောင်းပေလေ့ . . . နင် သေတော့ ငါလည်းမငိုဘူး. . . နင့်ညီမလည်းမငိုဘူး. . . နင့်အစ်ကို လည်းမငိုဘူး . . . နင့်မိန်းမဟိုကောင်မသာ အမူပိုပြီးငိုချင်ယောင် ဆောင်နေတာ . . . ကြည့်လို့ကိုမရဘူး. . . ကျက်သရေကိုတုံးရောပဲ"

ဟုဆိုကာ ဘေးနားကမိန်းမရွယ်ကို မေးထိုး၍ရွဲ့စောင်းပြော၏။ ဒါကိုဘေးနားကမိန်းမရွယ်က . . . .

"တကယ်ငိုတာပါ အမေရ . . . ဟီး . . ."

ဆိုပြီး ငိုသံတစ်ဝက်နဲ့ ပြန်ပြော၏။ ဘွားစမ်းမြက အိမ်ရှေ့ရှိ သူ့သားအခေါင်းကိုငေးကြည့်ပြီး . . . .

"တွေ့လား တင်မောင်ရေ . . တကယ်ငိုတာတဲ့. . အောင်မ လေး . . တကယ်ငိုတာ . . ဟင်း . . ဟင်း . . အကြောင်းမသိသူသာ သွားပြော. . . ဒီလိုမျက်ရည်ကျပုံမျိုးကတော့ စမ်းမြတို့ခြေမကို ကလိ ထိုးပြီး နှစ်ပြည်ဖိုးလောက်ရယ်လိုက်ချင်သေး ဟေး . . ဟေး. . . အောင်မလေးလေ . . . ယောကျ်ားရှိတုန်းကတော့. . အိမ်ပေါ်တက် တာနဲ့ သေနာကြီး. . သေချင်းဆိုးကြီး ဘယ်ကဲ့သို့ . . ဘယ်ချမ်းသာ နဲ့ မောင်းချရိုက်ချနေတဲ့မိန်းမကများ နင်သေတော့မှတကယ်ငိုတာ တဲ့။ အောင်မလေးလေ . . . နင့်မိန်းမလုအေးတို့ မင်းသမီးမလုပ်ခဲ့ လို့. . . လုအေးတို့မင်းသမီးဖြစ်ခဲ့ရင် ဒီလိုဟန်ဆောင်ကောင်းပုံနဲ့

ကတော့ အကယ်ဒမီဆိုတိုင်း လှအေးချည်းရမှာ . . . ဟွန်း . . . ဒီလောက်ရှိုက်ကြီးဖိုင်ယ်နဲ့ဖင်ပွတ်ပြီးငိုနေရအောင် . . . သူ့ယောက်ျား တင်မောင်က ဘာကောင်းခဲ့လို့လဲ . . . "

ဘွားစမ်းမြ၏ မဲ့ရွဲ့ပြောသောစကားကို ဘေးနားက သူ့ချွေးမ မလှအေးက မျက်ရည်ကိုပင့်သုတ်ပြီး . . . .

"အမေကလည်း ကိုတင်မောင်က ကောင်းပါတယ်တော့"

မလှအေးစကားကြားတော့ ဘွားစမ်းမြက ဆေးလိပ်ကို ဖောက်ခနဲပစ်ချပြီး . . .

"ကြားလား တင်မောင်ရေ . . နင့်မိန်းမလှအေးပါးစပ်က ထွက်လာတာလေ . . . ကိုတင်မောင်ကကောင်းပါတယ် . . တဲ့ . . . အံ့ပါ့တော် . . . ဘယ်သူ့မှကောင်းကျိုးမပေးဘဲ . . . အရက်ဆိုင်မှာ အိပ် . . . အရက်ဆိုင်မှာသောက် . . . အရက်ဆိုင်မှာစားတဲ့အကောင်ကို အိမ်ပြန်လာရင်အိမ်ပေါ်ကမောင်းချတဲ့ကောင်မက နင်သေမှကိုတင် မောင်က ကောင်းပါတယ် . . တဲ့ . . . သူ့ပါးစပ်ကထွက်တာ . . သူ့ ပါးစပ်ကထွက်တာ . . . လူရှေ့သူရှေ့ မောင်တင်မောင်ကောင်းတာ ငါတော့ကြုံဖူးပေါင် . . . နှစ်ကိုယ်ကြား . . ခြင်ထောင်ထဲကောင်းရင် တော့ငါလည်းမသိ . . . နင်းပေး . . နှိပ်ပေးတာပြောပါတယ်"

"အမေကလည်း ကိုတင်မောင်က ကောင်းပါတယ်"

"အောင်မလေး . . . လာလာချည်သေး . . တင်မောင်ဆွမ်း မသွတ်ခင် နောက်လင်ယူမယ့်ကောင်မကများ . . . ဒါနဲ့များတောင် တင်မောင်သေပြီပြောသံကြားတော့ . . . . စိတ်မပါလက်မပါ တက် ပြရသေး"

"တကယ်တက်တာပါ အမေရဲ့ . . . အဟင့်"

"အောင်မလေးလေ . . . တကယ်တက်တာတဲ့ တင်မောင်ရဲ့

နင့်မိန်းမတက်ပုံ နင်ရှိသေးရင် နင့်ပြလိုက်ချင်သေး. . . လူကသာ ညှစ်ပြီးတောင့်နေတာ မျက်နှာကပြုံးပြုံးကြီးပါတော်. . . ဟောဒီလို ပြုံးပြုံးကြီး"

ဘွားစမ်းမြက အမူအရာပါလုပ်ပြ၏။ မျက်လုံးမှိတ်၍ ပြုံးပြုံးကြီး။ ပြီးမှ လှအေးဘက်လှည့်၍ . . . .

"ဟဲ့ကောင်မ. . . ဆေးလိပ်တစ်လိပ်ယူပေးစမ်း . ."

ဆိုကာ ဆေးလိပ်ယူခိုင်းလိုက်သေး၏။ ဆေးလိပ်ရမှ ဆေးလိပ်ဖက်ကို ကြမ်းပြင်နှင့်ဆောင့်၍ . . .

"ပြောရဦးမယ် တင်မောင် ရေ . . . နင်လည်း သွေးအန်ပြီးဆုံးတယ်လည်း ကြားရော နင့်သူငယ်ချင်းလှဖေနဲ့စိန်ကြီးလေ. . . အိမ်ပေါ်ပြေးတက်လာကြတာ. . . ကူညီဖို့မှတ်နေလား. . . ဖဲဝိုင်းထောင်ဖို့တဲ့အေ. . သူတို့ခမျာ ဖဲမရိုက်ရတာကြာလို့ နင်သေပေးတာတောင် ဝမ်းသာနေကြပေါ့ ညကျမှရိုက်ပါဆိုတာကိုမရဘူး. . . သေသူတောင်ကိုယ်မအေးသေးဘူး. . ဖဲဝိုင်းကဖြစ်နေပြီ . . နောက် . . ဘာကြာတာလိုက်လို့ သူတို့နှစ်ယောက်ပဲ ထရန်

မောင်တင်မောင်ကောင်းတာ
ငါတော့ကြုံဖူးပေါင် နှစ်ကိုယ်
ကြား ခြင်ထောင်ထဲ
ကောင်းရင်တော့ငါလည်းမသိ

ဖြစ်ကြပြီး လှဖေကစိန်ကြီးကို ဓားနဲ့ခုတ်မယ် . . စိန်ကြီးက လှဖေကို ပေါက်ဆိန်နဲ့ထုမယ်တွေထဖြစ်ကြကုန်တာ. . . လှဖေက ရှုံးပြီးတာကို ဖဲဝိုင်းကအကောက်နဲ့ဖဲပြန်ရိုက်လို့တဲ့လေ. . . ဆွဲရတာ မနည်းမနောပဲ. . . နင့်အစ်ကို တင်ဖေရောက်လာလို့ပေါ့. . . နောက်မဟုတ်ရင် နောက်ထပ်မသာတစ်လောင်းထပ်တွေ့ပေါ့ . . . နင့်သမီးပူစူးဆိုင်တာဒီလိုလား . . . ."

ဘွားစမ်းမြပြောရင်းနဲ့မောသွားဟန်နှင့် ဆေးလိပ်မီးညှိ၏။ ဆေးလိပ်ကိုမီးခိုးထွက်အောင် အားရပါးရရှိုက်ဖွာပြီးမှ သတိရသွားဟန်နှင့် . . .

"ဟဲ့. . ပူစူးဆိုလို့ပြောရဦးမယ်. . . နင့်သမီးပူစူးကလေ. . လူကသာလေးနှစ်"

"သုံးနှစ်ခွဲပါ အမေရဲ့ . . ."

ဘွားစမ်းမြစကားကို ဘေးနားကမလှအေးက အငိုတစ်ဝက်နှင့် လိုက်ထောက်၏။

"အေး . . . သုံးနှစ်ခွဲ . . . သုံးနှစ်ခွဲသာရှိသေးတယ်. . . မနေ့ညကဘာပြောတယ်မှတ်လဲ . . . ညကိုးနာရီလောက်ကြီး နင့်ကိုတွေ့လို့တဲ့ . . . "

ဘွားစမ်းမြစကားကြောင့် နံဘေးမှာတရှုံ့ရှုံ့ငိုနေသောမလှအေး ကြောက်လန့်ဟန်နှင့်ဘေးဘီဝေ့ကြည့်ရင်း ခန္ဓာကိုယ်ကျုံ့သွားကာ ဘွားစမ်းမြဘက်တိုးလေ၏။ သူ့ခမျာငိုသာငိုနေရတာ။ သရဲတော့ကြောက်တတ်ပုံပေါ်၏။ ဘွားစမ်းမြကတော့ ဘာကိုမှသတိမထားမိဟန်နှင့် သူ့စကားကိုသူဆက်သည်။

"အဲဒါလေ . . ညကနင်ရောက်လာပြီးအိမ်ရှေ့ကနေ ပူစူးမကိုရယ်ပြသတဲ့ . ."

www.foreverspace.com.mm

သူ့စကားမဆုံးခင် နံဘေးမှမလှအေးက . . .

"အမေကလည်း . . . ကြောက်ပါတယ်ဆိုနေမှ . . အဟင့်"

ဆိုပြီးသူ့နားတိုးကပ်လာကာ ငိုသံကြီးနှင့်ပြော၏။ ဒါကိုဘွားစမ်းမြက မျက်နှာကိုမဲ့ရွဲ့လိုက်ပြီး . . .

"တွေ့လား ကောင်မ . . . ဟင် . . မောင်တင်မောင် မသေခင်တုန်းကတော့ ကျောက်ပြင်နဲ့ထုလိုက်. . . ဇရက်ကျည်ပွေ့နဲ့ပစ်ထည့်လိုက်. . . ကွဲလာပြန်ပြီ ငါ့သားတင်မောင်ပဲ. . . ဖူးရောင်လာပြန်ပြီ ငါ့သားတင်မောင်ပဲ. . . ဒီလောက်နိုင်ခဲ့တဲ့ကောင်မက တင်မောင်သေမှလာကြောက်ပြနေတယ်. . . အေး . . တင်မောင်သရဲဖြစ်ရင် နင့်ကိုအရင်ဂုတ်လာချိုးမယ် . . "

"အမေကလည်း ကြောက်ပါတယ်ဆိုနေမှ လာခြောက်နေပြန်ပါပြီ. . . အောင်မလေးကိုတင်မောင်ရဲ့ ကျွန်မလူ့ဘဝတုန်းက အနိုင်ယူခဲ့တာတွေကိုဗွေမယူပါနဲ့ . . . ကျွန်မကချစ်လို့ ကရုဏာဒေါသနဲ့လုပ်မိတာပါ . . . စိတ်ထဲပါလို့မဟုတ်ပါဘူး . . . ကျွန်မကိုတော့ အငြိုးနဲ့လာပြန်မခြောက်ပါနဲ့ . . ကျွန်မသရဲကြောက်လို့ပါရှင့် . . ဟီး . . . ဟီး. . "

လှအေးက ကယောင်ကတမ်းနှင့်လက်အုပ်ချီ၍ မီရာကန်တော့ပြီးသည်းထန်စွာငို၏။ ဒါကိုဘွားစမ်းမြက . . .

"တွေ့လားတင်မောင်ရေ . . အဲဒါလမ်းစရှာတာ. . နောက်လင်ယူဖို့နင့်မိန်းမလှအေး လမ်းစရှာတာ. . . အောင်မလေး မသိရင်ခက်မယ်. . . ညဘက် ညဘက် သရဲကြောက်တယ်ဆိုပြီး ဆိုက်ကားသမားအောင်ကြီးခေါ် အိပ်မလား. . . စပယ်ယာအောင်သွေးပဲခေါ် အိပ်မလား. . . ဘိန်းမုန့်ဖုတ်တဲ့ အောင်သောင်းပဲခေါ် အိပ်မလား. . ကြည့်ကြသေးတာပေါ့ . . . "

www.foreverspace.com.mm



ဟုဆိုကာ နှာခေါင်းကိုတရှုံ့ရှုံ့လုပ်ပြီး . . .

"ဟဲ့ . . နောက်ဖေးကတူးနံ့ ရတယ်. . . ဘာတည်ထားလဲ ကြည့်စမ်း သန်းရီ . . . ဟဲ့ . . သန်းရီ"

ဘွားစမ်းမြကစကားစကို ဖြတ်ပြီး အနောက်ဘက်လှည့်ခေါ်သည်။ ဒါကိုသူ့သမီးသန်းရီကလည်း

"ရှင် . . အမေ . . ဘာယူဖို့လဲ . . . "

"ဘာမှမယူဘူး. . . နောက်ဖေးမှာဘာတည်ထားလဲ. . . တူးနံ့ရလို့"

သန်းရီက မီးဖိုထဲဝင်ကြည့်ကာ . . .

"ခုညင်းသီးမီးဖုတ်တာပါအမေရဲ့ . . . ဘာမှမတူးပါဘူး"

"အေး . . အေး မတူးရင်လည်းပြီးရော. . ငါ့စိတ်ထဲ မောင်တင်မောင်များမကျေနပ်လို့ အိမ်မီးလာရှို့ပြီလားလို့ ရှို့ချင်းရှို့ ငါ့အိမ်တော့မရှို့နဲ့ဟေ့ . . . နှင့်မိန်းမလှအေးအိမ်ကိုရှို့ . . . "

သူ့စကားကို သရဲကြောက်တတ်သောလှအေးက . . .

"ဟီး . . ကြောက်ပါတယ်ဆိုမှ ဒါချည်းပဲလာလာပြောနေတယ်. . . အောင်မလေး ကိုအောင်သောင်းရဲ့ ရှင်မကယ်ရင်ကျွန်မတော့ဂုတ်ကျိုးရချည်ရဲ့ . . အဲ့ . . ဟဲ့ . . ဟဲ့ . . ဟီး"

လှအေး၏မဆီမဆိုင်စကားကြောင့် ဘွားစမ်းမြဆတ်ခနဲပြန်လှည့်ကြည့်၍ မျက်မှောင်ကြုတ်ကာ . . . .

"အောင်သောင်း . . ဘယ်ကအောင်သောင်းလဲ. . ဘိန်းမုန့်ဖုတ်တဲ့ အောင်သောင်းလား . . . "

ဟုဆိုကာ အသံကျယ်ကျယ်ဖြင့် . . .

"အောင်မလေးလေ. . မောင်တင်မောင်ရေ . . နှင့်မိန်းမက အဲဒီ့ကောင်များတိုင်တည်ရတယ်လို့ . . . မျိုးရိုးကိုက ပျံကျမျိုးရိုး သူ့

အမေ မလက်တို့ဆိုတာပြောကိုမပြောချင်ဘူး. . . ဖိနပ်သူခိုးမ . . ဟင်. . . တလောက သူ့ယောကျ်ား အောင်သောင်းအဖေ ဦးစိန်တလုတ် ဆုံးတုန်းကများ ရက်လည်လို့ငါတို့မုန့်ဟင်းခါးလေးနှစ်ပွဲ လောက်သွားစားမိတာများ မျက်နှာကိုမဲ့ကာရွဲ့ကာနဲ့ ဘယ်နှခုနှစ်ထဲက ငတ်ကြီးကျနေကြတဲ့ဟာတွေ မှန်းမသိဘူး. . အလှူ့ရှင်မှအားမနာမျိုးဆို့နေလိုက်ကြတာ ကိုယ့်အမေ့လင်သေလို့အလှူလုပ်တာကျနေတာပဲ . . တဲ့. . သူမို့ပြောထွက်တာ. . ဟင် . . ပြီးတော့ အလှူလာတဲ့သူဖိနပ်တွေ သူချည်းဗိုင်ခံခိုးနေတာ. . . ချဉ်ပေါင်ရိုးမ. . . တုတ်ထိုးမ . . အဲသည်လို ဖြစ်သလိုလေးပဲ ဆဲပေးလိုက်မယ်"

ဘွားစမ်းမြက စကားကိုရှည်လျားစွာပြောပြီး ဆေးပေါ့လိပ်မီးကို ရဲနေအောင်ဖွာသည်။ ပြီးမှအားရသောအသံဖြင့် . . .

"ငါကအဲဒီ့ထဲက ဒီကောင်မကိုမှတ်ထားတာ. . ကဲ . . အခုငါ့သွားသေပြီ. . ကောင်မ . . ငါ့သွားရက်လည် တစ်ဖြုန်စ်ဖြု လာစားရဲလာစား

> အလှူ့ရှင်မှ အားမနာ
> မျိုးဆို့နေလိုက်ကြတာ
> ကိုယ့်အမေ့လင်သေလို့
> အလှူလုပ်တာကျနေတာပဲ

ကြည့် . . . စမ်းမြတို့ ထဘီအလံထူပြီးဟစ်တိုင်ပေါ် တက်ကြပစ်လိုက်ဦးမယ် . . ဟွန်း . . အတုံ့အလှည့်ဆိုတာ ရှိကြစမြဲဆိုတာ ဒီကောင်မ သိသွားစေရမယ် . . သူ့အလျှမှာအပြောခံရပြီးကတည်းက ငါ့အလှည့် ဘယ်တော့ကြုံမယ်ဆိုတာ လက်ချိုးရေတွက်ပြီးစောင့်နေတာ . . . ကဲ အခုငါ့သားတင်မောင်သေပြီ . . . ငါ့အလျှလာလို့ကတော့ စမ်းမြတို့ ဘယ်လို ပိုးစိုးပက်စက်ပြောပစ်မယ်ဆိုတာကြည့်ဦး . . . ဟဲ့ . . အိမ်ရှေ့မှာ ကားရပ်သလားကြည့်စမ်း . . . ကားသံကြားတယ် . . ”

ဘွားစမ်းမြကစကားစကိုဖြတ်ရင်း အိမ်ရှေ့ကိုခေါင်းထောင်မျှော်ကြည့်ကာပြော၏။ ဒါကို သူ့သမီးသန်းရီက အိမ်ရှေ့ထွက်လာကာ . . .

“အစ်ကိုတင်ဖေ့ အလုပ်ရှင် အမေရေ့ . . . အစ်ကိုတင်ဖေ့ အလုပ်ရှင်လာတာ . . . ”

သန်းရီစကားကို ဘွားစမ်းမြက အားတက်သွားသလိုဟန်မျိုးဖြင့် . . .

“ကြားလား‌တင်မောင်ရေ . . နင့်အစ်ကိုတင်ဖေရဲ့အလုပ်ရှင်တဲ့ . . . သူလာရင် သူ့ကားနီကြီးစီးလာတာ . . . ကားကြီးကိုဟီးနေတာ . . . ဒီလမ်းမျိုးမှာဒီကားမျိုး တစ်ခါမှမြင်ဖူးပေါင် . . . နင့်သမီးပုထူးနဲ့နင့် သားကြီးပလာတုးတို့ဆိုတာ ကားဝင်လာတာနဲ့ ကားနားကကိုမခွာတော့ဘူး . . . ကားကိုကိုင်ပြီး လိုက်တမ်း . . . ပြေးတမ်းဆော့ကြတာ . . . ဟိုဘက်ထိပ်က အုန်းခင်ရဲ့သားတွေပါ ပါရဲ့ . . . ”

ဘွားစမ်းမြကစကားစကိုဖြတ်ပြီး မီးသေနေပြီဖြစ်သောဆေးလိပ်ကိုမီးညှိ၏။သူ့မီးခြစ်ကတော်ရုံနှင့်မီးမပွင့်။ထပ်ကာ၊ ထပ်ကာခြစ်ကြည့်သည်။ မီးက ထွက်မလာ။ ကြာတော့စိတ်မရှည်နိုင်တော့ရော့ထင့် . . .

"ဟဲ့ . . လှအေး . . မီးဖိုထဲ ဆေးလိပ်မီးသွားတို့ပေးစမ်း"

ဆိုတော့ မလှအေးခန္ဓာကိုယ်ကို ကျုံ့ရင်း . .

"ဟင့်အင်း . . ဟင့်အင်း . . မီးဖိုထဲမသွားရဲဘူး . . သရဲကြောက်တယ်"

ဆိုကာ အကြောက်အကန်ငြင်းဆန်တယ်။ ဒါကို ဘွားစမ်းမြက ဒေါသထွက်သွားသလိုဟန်မျိုးဖြင့် . . .

"တယ် . . ဒီ . . ဟာမကတော့ . . အခုမှလာကြောက်ပြနေသေး . . ခါတိုင်းဆို ညကြီးအချိန်မတော် ဗီဒီယိုရုံကပြန်နေကျကောင်မကများ . . ."

"အဲဒီတုန်းက ကိုတင်မောင်မှမဆုံးသေးတာ . . . အဟင့်"

"တင်မောင်မဆုံးခင်က နင့်အမေလင်သရဲတွေက မရှိသေးလို့လား . . ."

"ရှိလည်း ကျွန်မနဲ့မှမသိတာ သူတို့ကမခြောက်ပေါင် . . . အခုဟာက လူရင်းကြီး . . ."

"တယ်လေ . . . ဒီကောင်မနဲ့ကတော့ မပြောတော့ပါဘူး . . ဟဲ့ . . သန်းရီလာစမ်း ငါ့ကိုဆေးလိပ်မီးလာညှိပေးစမ်း"

ဆိုတော့ သူ့သမီးသန်းရီက မီးဖိုထဲက မီးခြစ်တစ်လုံးယူလာပြီး . . .

"မီးခြစ်သာယူထားပါအမေရာ . . . အားလုံးတည်ပြီးပြီဆိုတော့ သုံးစရာမလိုတော့ဘူး"

ဟုဆို၍ မီးခြစ်တစ်လုံးလာချပေး၏။ ဒါကို ဘွားစမ်းမြက မီးခြစ်ကိုတစ်ချက်နှစ်ချက်ခြစ်ကြည့်ကာ ဆေးလိပ်ကိုမီးပြန်ညှိသည်။ နောက်မီးခြစ်ကို ကြမ်းပြင်ပေါ် ဖောက်ခနဲပစ်ချကာ . .

"ဘာမှမကောင်းဘူး . . ."

www.foreverspace.com.mm

ဟုဆိုကာ မလှအေးဘက်လှည့်၍ . . .

"ဟဲ့ . . လှအေး . . နင် ဟိုအော်တာရှပ်မ သိတယ်မဟုတ်လား . . "

"ဘာ အော်တာရှပ်မလဲအမေရဲ့ . . ဒီရပ်ကွက်ထဲ . . အော်တာရှပ်ဝတ်နိုင်တာ တစ်ယောက်မှမရှိဘူး . . . "

"ဩော် . . ကောင်မကလည်း တုံးပေ့ . . ခေတ်စကားကို မတတ်ဘူး . . . ဒီမှာပလာတူးတို့နဲ့လာလာဆော့နေတဲ့ အုန်းခင်ကလေးတွေရဲ့အိမ်ခြေရင်း . . . အဲ . . ခေါင်းရင်းကလေ . . . "

လှအေးက မျက်ရည်လေးတို့ကာ တို့ကာနှင့်စဉ်းစားရင်း . .

"မြဝေလား . . . မိသေးလား . . . "

လှအေးပြန်မေးလိုက်သောအမေးကြောင့် ဘွားစမ်းမြ ဝမ်းသာအားရဖြစ်သွားပြီး . . .

"အေး . . . မိသေး . . . မိသေး . . . "

"ဟင် . . မိသေးမှာ အော်တာရှပ်မပြောနဲ့ . . ထဘီတောင်နှစ်ထည်လားပဲရှိတာကို . . . "

"ဟဲ့ . . အော်တာရှပ်ဆိုတာ အခုခေတ်ပေါ် အကျီကိုပြောတာမဟုတ်ဘူးဟဲ့ . . . အဝတ်တွေအပ်တာလျှော်လို့ အော်တာရှပ်လို့ခေါ်တာ . . . တကတည်းတုံးပါ့ . . . စကားပြောရင် ဉာဏ်လေးဘာလေး သုံး . . "

ဘွားစမ်းမြက စကားစကိုဖြတ်ရင်း ဆေးပေါ့လိပ်ကိုအားရအောင်ဖွာသည်။ ပြီးတော့မှ မီးခိုးကို ဖူးခနဲမှုတ်ထုတ်လိုက်ကာ . .

"အေး . . . အဲဒီ့အော်တာရှပ်မက နင်သေတော့ အကျင်္ငွေငါးရာတောင်ထည့်သကွဲ့ . . . သူ့ခမျာ တစ်အိမ်တက် . . . တစ်အိမ်ဆင်း အပ်တာလျှော်ရင်း ရတဲ့ပိုက်ဆံနဲ့ အကျငွေထည့်တာ

. . . နှင့်အစ်ကို တင်ဖေ့အလုပ်ရှင်က တော့ ဟုတ်ပေါင် . . လူ့အထင်ကြီး အောင် ကားနီကြီးနဲ့လာပြီး ကူငွေ ထည့်တော့ တစ်ထောင် . . တဲ့ . . ပြောတော့ပါဘူး"

ဘွားစမ်းမြစိတ်ပျက်သလို ခေါင်းကို တစ်ဖက်လှည့်လိုက်သည်။ ပြီးတော့ မလှအေးကိုမေးငေါ့၍ . . .

"ဟဲ့ . . လှအေး . . ဘုရားစင် ပေါ်က ဖယောင်းတိုင်မှုတ်လိုက်စမ်း"

မလှအေးက သူပြောသလို ဘုရားစင်ပေါ်က ဖယောင်းတိုင်ကို လှမ်းချွတ်သည်။ ပြီးနောက်ဘုရား သောက်တော်ရေခွက်ကိုယူ၍ သူ့ ခေါင်းကို သူပြန်တောက်နေသည်။ ဘွားစမ်းမြကသူ့ကိုလည်း လှည့်မ ကြည့်။ သူ့ဘာသာသူ ရေရွတ်နေဟန် နှင့် ဆက်ပြော၏။

"တင်မောင် . . တင်မောင် နင်မသေခင်တုန်းကတော့ ဘာမှအ သုံးမကျတဲ့ကောင် . . . ဆန်ကုန်မြေ လေးဆိုပြီး ပတ်ဝန်းကျင်ကပြောကြ တာ အခုနင်သေမှ အကူငွေကရှစ် ထောင်ကျော်တောင်ရတယ် . . .

လူ့အထင်ကြီးအောင်
ကားနီကြီးနဲ့လာပြီး
ကူငွေထည့်တော့တစ်ထောင်
တဲ့ . . ပြောတော့ပါဘူး

www.foreverspace.com.mm

အဲဒီတော့ လှဖေတို့ . . . မိသေးတို့ ကိုငါခေါ်ပြောလိုက်တယ် . . . ငါ့သားတင်မောင် အလကားကောင် မဟုတ်ဘူး . . . ရှစ်ထောင် ကျော်တန်တယ်လို့ . . . "

"အမေကလည်း ရှစ်ထောင့်ခုနစ်ရာတည်းကို . . ဟီး . . "

သူ့စကားကို ဘုရားမီးမှုတ်ပြီးပြန်ထိုင်နေသော မိလှအေးက ဝင်ထောက်သည်။ ဒါကိုဘွားစမ်းမြက . . .

"ဘယ်လောက်ပဲဖြစ်ဖြစ် ငါ့သားတင်မောင်ရှစ်ထောင်ကျော် တန်ရင်တော်ပြီ . . နင်တောင် ငွေရှစ်ထောင် ဖွစ်ဖွစ်မြည်အောင်ရှာ နိုင်လို့လား . . . "

"အမေကလည်း ငွေရှစ်ထောင်များ . . အဟင့် . . အဟင့် ကျွန်မ မအားသေးလို့ပါ . . အဟင့် . . . "

"ဘာလဲ . . ဖျာပေါ်မှာတင် ကောက်ရချင်လို့လား . . ငါ ပြောလိုက်ရ မကောင်းရှိတော့မယ် . . ပြောလိုက်ရင် မျက်ရည်နဲ့ မျက်ခွက် . . တိတ်တိတ်နေစမ်း . . နင့်ငိုသံကြောင့် ငါ့အိမ်ကိုမသာ အိမ်ထင်ကုန်မယ် . . . "

"အမေကလည်း . . မသာအိမ်ပဲဟာ . . ဟီး"

ပြောလိုက်မှ မလှအေးပိုငိုရ၏။ မလှအေးစကားကြားမှ ဘွား စမ်းမြသတိရသွားသလိုဟန်မျိုးနှင့် ခေါင်းညိတ်ပြီး . . .

"ဪ . . ဟုတ်သား . . မသာအိမ်ပဲ . . ဟုတ်တယ် . . ဟုတ်တယ် . . ငို . . ငို . . ဆက်ငိုစမ်း . . ဒါပေမယ့် အသံဘော်လူး နည်းနည်းလျှော့ငိုစမ်း . . ငါစကားပြောရတာ ဖီး(လ်)ဌတ်တယ် . . "

ဘွားစမ်းမြက အင်္ဂလိပ်လိုလည်းမသိပါဘဲ မြန်မာစကား များကြားထဲ အင်္ဂလိပ်လိုညှပ်ပြောလိုက်၏။

"အဲဒီ့အလှူငွေကိုတောင်လေ . . ငါက ရက်လည်ကျရင် နင့်အတွက်အမျှဝေဖို့ ဘုန်းကြီးသုံးပါးပင့်ပါဆိုတာကို နင့်မိန်းမလှ အေးက တစ်ပါးပဲပင့်မယ် . . . တဲ့ . ."

"အမေက ပိုက်ဆံမှမလောက်ဘဲ . . ."

"ဟင်း . . မပြောလိုက်ချင်ဘူး . . ပိုက်ဆံမလောက်တာက နောက် . . သူလိုချင်တာကများများ . . ဟဲ့ . . ဟဲ့ . . အိမ်ရှေ့က ကြေးစည်သံကြားတယ် . . အသုဘပို့တော့မှာလား . . ထွက်ကြည့်ကြပါဦး . . ."

သူ့စကားကို အိမ်ရှေ့ရောက်နေပြီဖြစ်သော သူ့သမီးသန်းရီက . . .

"ဟုတ်တယ် အမေရေ . . အသုဘကားကရောက်နေပြီ . . သွားရတော့မှာ . ."

ဘွားစမ်းမြလည်း ကမန်းကတမ်းထပြီး . .

"အေး အေး ဒါဆိုလည်း သွားရတာပေါ့ . . ဟဲ့ . . ဒါနဲ့ငါတို့က ဘယ်လိုသွားရမှာလဲ . . ."

"အမေက ကိုတင်ဖေ့အလုပ်ရှင်ကားအနီကြီးနဲ့ လိုက်ရမှာ"

ကားအနီကြီးဟူသောအသံကြားသည်နှင့် ဘွားစမ်းမြ သဘောခွေ့သွားပုံရ၏။ ကျိုးနေသောသွားများကို ပေါ်နေအောင် ပြုံးပြီး

"ဟီး . . ဟီ . . . ကားအနီကြီးနဲ့တဲ့ မောင်တင်မောင်ရေ . . ဇိမ်ပဲ . . ငါ့မှာလည်း နင်သေမှကုသိုလ်ထူးပြီး ဒီကားကြီးစီးဖူးရတော့မှာ . . ဟဲ့ . . ပူစူးတို့ . . . ပလာတူးတို့ရော . ."

"သူတို့က နောက်ကမမြစကြာကားနဲ့လိုက်ခဲ့မှာအမေရဲ့ . . မလှအေးတို့နဲ့အတူလေ . . ."

www.foreverspace.com.mm



"အေး . . အေး ပြီးရော . . ပြီးရော ကလေးတွေကို သချိုင်းရောက်မှ မဆော့စေနဲ့လို့ပြော . . ပြောလို့မရနိုင်ရင် မောင်တင်မောင်အတွက်ခွဲတဲ့အုန်းသီးစိတ်မကျွေးဘူးလို့ ကြိမ်းမှာထား . . ကြားလား . . ဟဲ့ . . ငါ့တဘက်ရော . . "

"ဘုရားစင်အောက်မှာ ချိတ်ထားတယ်လေ . . လှမ်းယူလိုက်နော် . . . "

"ဩော် . . အေး . . အေး တွေ့ပြီ . . တွေ့ပြီ . . . ဩော် မောင်တင်မောင်လည်း ကားနက်ကြီးနဲ့ပဲဗျာ့နော့ . . . ဇိမ်ပဲ မောင်တင်မောင်ရေ . . အေးအေး နင်ကရှေ့ကကားနက်ကြီးနဲ့သွား . . ငါက နောက်က ကားနီကြီးနဲ့လိုက် . . တယ် . . ဟန်ကျ . . ဒါပေမယ့် ငါကနင့်လိုကားပေါ်အိပ်မလိုက်ရတာတော့ နာသဟေ့ . . ဘယ်သူမဆို အကောင်းစားကားပေါ်မှာ ဇိမ်နဲ့အိပ်လိုက်ချင်မှာပေါ့ . . အေးလေ . . . နောင်တစ်ချိန်တို့လည်းနင့်လို ကားနက်ကြီးပေါ်အိပ်လိုက်ကြရမှာပဲ . . . အဲဒီတော့မှ နင်ဘယ်လောက်ဇိမ်ကျခဲ့တယ်ဆိုတာ ငါတို့လည်းသိရမယ် . . ကဲ . . ကဲ . . သွားပေဦးပေတော့ မောင်တင်မောင်ရေ . . . "

ဘွားစမ်းမြ ဆီမန်းမန်းသလို ပါးစပ်ကတတွတ်တွတ်ရွတ်ရင်း ဖိနပ်မပါခြေဗလာဖြင့် သူစီးရမည့်ကားနီကြီးဆီလှမ်းလိုက်သည်။

"သွားပေဦးတော့ တင်မောင်ရေ . . . လောကမှာကိုယ်လိုချင်တဲ့ မိန်းမလည်းရ . . . ကိုယ်ကြိုက်တဲ့အရက်လည်း တဝသောက်ပြီးသေပစ်လိုက်တဲ့ မင်းဘဝပဲအေးပါတယ်ကွယ် . . အေး အေး . . နင်ကရှေ့ကသွားနှင့် . . ငါတို့နောက်ကလိုက်ခဲ့မယ် . . နင့်ကလေးနှစ်ကောင်အတွက်တော့ဘာမှမပူနဲ့ . . လှအေးနောက်လင်ယူရင် သူ့

နောက်လင်ကလုပ်ကျွေးလိမ့်မယ် . . သွားပေပြီးတော့ သားရေ . .
စိတ်ချလက်ချ သွားနှင့်တော့ကွယ် . . ."



အိပ ဖလူးပွင့်ကြွေများ ကျဲပါးနေပြီ။ ပန်းကောက်သော ကလေးငယ်များ ကျွန်တော်တို့ခြေရင်းနားထိ ရောက်နေလေပြီ။ ကလေးငယ်တစ်ယောက်က . . .

"ဦးဦး မာလကာသီးတွေ ကြီးလာရင်သားတို့ကိုကျွေးနော်"

ဟု ဆိုကာလှမ်းပြောသည်။ ကျွန်တော်က ခေါင်းညိတ်ရင်း

"အေးအေး စားရမှာပေါ့ သားရဲ့ . . ဒါပေမယ့် မာလကာသီး



www.foreverspace.com.mm

www.foreverspace.com.mm

မပွသေးခင် မခူးရဘူးနော် . . . "

ကလေးငယ်က ကျွန်တော့်စကားကို ဟုတ်ကဲ့ဟုဆိုကာ သူ့အလုပ်သူဆက်လုပ်နေသည်။ သူမက အကြောင်းမရှိ အကြောင်းရှာခြံအနောက်ဘက်အုတ်နံရံကို ငေးကြည့်နေ၏။ အတန်ကြာမှ . . .

"ဒါပေမယ့် တကယ့်ဘဝမှမဟုတ်တာ. . . တကယ့်ဘဝကိုပြောပြတာ ညီမလေးရဲ့ . . . "

"ရေသောက်ချင်တယ် . . . "

သူမ၏မဆီမဆိုင်စကားကို ကျွန်တော်ဘာမှပြန်မပြောဘဲ ရေတစ်ခွက်ထခပ်ပေးလိုက်သည်။ သူမက ရေကိုအနည်းငယ် အာဆွတ်ရုံသာသောက်ပြီး . . .

"တကယ့်ဘဝဆိုတာ သေပြီးမှစတာမှမဟုတ်တာ. . . အသက်ရှင်စဉ်သူ့ရဲ့ရုန်းကန်မှု. . . ကြုံတွေ့ရတဲ့ အခက်အခဲ . . . "

ခက်ပြီ. . . .။ ဒီလို မိန်းကလေးမျိုးကို ရှင်းပြရတာမျိုးက ကျွန်တော့်ဘဝမှာ မလုပ်ချင်ဆုံး . . .

"ကြုံတွေ့ရတဲ့ အခက်အခဲ. . အခက်အခဲဆိုတာ တစ်လုံးပါလာတာနဲ့ သာယာနာပျော်ဖွယ်ဆိုတာ မရှိဘူးထင်မိလို့လား"

သူမက ကျွန်တော့်ကိုပြန်လှည့်ကြည့်ကာ . . .

"အခက်အခဲဆိုမှတော့ ဘယ်လိုလုပ်သာယာတော့မှာလဲ . . ဟုတ်ဘူးလား . . . "

"လူ့ဘဝဆိုတာ တေးဂီတတစ်ပုဒ်လိုပဲ. . . သာယာနာပျော်တာလည်းပါရလိမ့်မယ် . . . ကြမ်းတမ်းတာတွေလည်း ထည့်သွင်းပေါင်းစပ်ရမှာပဲလေ . . . အခက်အခဲရှိမှ သာယာနာပျော်ဖွယ် ဖြစ်မှာပဲ . . . ဥပမာ - လက်ကိုဓားရှမိတယ်ပဲဆိုကြပါစို့. . . ဒီ ဓားရှဒဏ်ရာကိုပျောက်အောင် ဆေးထည့်ရမှာပဲ. . . ဒါကိုမှ ဆေးထည့်

www.foreverspace.com.mm

လိုက်ရင် ဒဏ်ရာကပိုစပ်မှာကိုကြောက်နေရင် ဒီဒဏ်ရာကလွယ်လွယ်ကူကူ ပျောက်နိုင်ပါ့မလား . . ."

သူမ ဘာမှပြန်မပြော။ တစ်ဖက်သို့လှည့်ကာ . . .

"အစ်ကို မသိပါဘူး . . ."

သူမ၏စကားသံနှင့်အတူ လေပြည်ကဖြည်းဖြည်းလေး တိုက်ခတ်သွားသည်။ အပင်ပေါ်မှ ကြွေကျရန်အသင့်ဖြစ်နေသော ဆိပ်ဖလူးပန်းများ နောက်ဆုံးအနေဖြင့်ကြွေလွင့်လာသည်။

ပန်းလေးတစ်ပွင့်က သူမ၏လက်ထဲသို့ အလိုက်သင့်ကြွေကျလာသည်။ သူမ ရိုးတံနီနီရဲရဲပန်းကလေးကိုကိုင်ပြီး ပွင့်ဖတ်များကို လည်ထွက်သွားအောင် လှည့်ကစားနေသည်။

လူတွင် ပြုပြင်၍ရသောကံနှင့် ပြုပြင်၍မရသောကံနှစ်မျိုးရှိကြောင်းသိကြပေလိမ့်မည်။ ပြုပြင်၍ရသောကံကို လူကိုယ်တိုင်က ပြုပြင်ရ၍၊ ပြုပြင်၍မရသောကံကို ကံကြမ္မာကပြုစားပေလိမ့်မည်။

ဆိုပါတော့ . . .

သူမ၏လက်ထဲမှ ရိုးတံနီနီရဲရဲနှင့် ဆိတ်ဖလူးပန်းသည် ပြုပြင်၍ရသောကံဖြစ်ပါက သူမကိုယ်တိုင်ထိုကံကြမ္မာကိုလှည့်စားနေခြင်းမဟုတ်ပါလား . .။

ဤသို့ပင် . . .

လူတို့သည် တစ်ခါတစ်ရံ၌ မိမိ၏ မသိစိတ်ထဲမှသော်လည်းကောင်း၊ သိစိတ်မှဖြင့်သော်လည်းကောင်း ပြုပြင်၍ရသောကံကို လှည့်စားနေတတ်ကြ၏။ တချို့က ပျော်ရွှင်ဖွယ်များကို သောကအဖြစ်လှည့်ပြောင်းကြပြီး . . တချို့က သောကကို အတတ်နိုင်ဆုံးသာယာနာပျော်ဖွယ်ကောင်းအောင် လှည့်စားကြလေသည်။

မိတ်ဆွေတို့ဆိုလျှင်ရော . . .

www.foreverspace.com.mm

သင့်၏လက်ထဲတွင် ကံကြမ္မာဟူသောပန်းတစ်ပွင့်ရှိနေပြီ ဆိုပါတော့ ပွင့်ဖတ်များကြွေကျသည်အထိ ကြမ်းရမ်းစွာလှုပ်ကစား မိမည်လား။ သို့တည်းမဟုတ် ပန်းပွင့်ကလေးလှုပ်ရှားမှု ညင်သာစွာ ဆော့ကစားမိမှာလား။

လေပြည်ကတော့ သင့်ဘက်မှာရှိနေဆဲ . . .



ဓမ္မသံပုံ့လွင့်ဦးဆောင် နေသော ကားတန်းငယ်က သူသွားရာလမ်းကို သိနေသည့် အတိုင်း ဖြည်းညင်းလေး ကန်စွာခရီးနှင် နေသည်။ ကားပေါ်တွင်တော့ ကံကြမ္မာဝဋ်ဆင်းရဲ၌ မလွတ်ကင်းနိုင်သူများ ပူဆွေးသောဟန်၊ ပကတိဟန်များဖြင့် အလိုက်သင့်လိုက်ပါလာကြ၏။ သူတို့၏ခရီးဆုံးသည် ကား ငိုညည်းသံများဖြင့် စည်ကားနေသောနေရာတစ်ခုသာ ဖြစ်ပေလိမ့်မည်။

www.foreverspace.com.mm

"ပြောရဦးမယ်ကားဆရာရေ . . အခုဆုံးသွားတဲ့ မောင်တင်မောင်က ကျွန်မရဲ့သား . . သူ့အထက်မှာတော့ တင်ဖေရယ် . . သူ့အောက်မှာတော့သန်းရီရယ် စုစုပေါင်း သားသမီးသုံးယောက်ရှိပေါ့ . . . "

ကားဆရာက ဘွားစမ်းမြကို လှည့်မကြည့်စိတ်ရှုပ်ဟန်နှင့် သူ့ကားကိုသာ ဂရုတစိုက်မောင်းနေသည်။ ဘွားစမ်းမြကာသာလျှင် ဆက်၍ . . .

"တင်ဖေကတော့ သိမှာပေါ့ . . မင်းတို့ဆရာဆီမှာပန်းရန်လုပ်တာလေ . . . သန်းရီကလည်း မနက်ဘက်ကောက်ညှင်းပေါင်းရောင်း . . . နေ့ခင်းဆိုရင် ရာသီပေါ် ဖရဲသီးလေး . . . သဘော်သီးလေးလှည့်ရောင်း အဆင်ပြေနေတာ . . . အဲ . . အခုသေသွားတဲ့ တင်မောင်တစ်ယောက်သာ လတ်လျားလတ်လျား . . . ဘာအလုပ်မှ စွဲစွဲမြဲမြဲလုပ်တယ်မရှိဘူး . . . သူ့သားနဲ့သမီးကို ငါ့အိမ်ပေါ် လာပစ်တင်ထားပြီး တစ်နေကုန်အရက်လည်သောက်နေတာ . . . ဘာအလုပ်မှစွဲစွဲမြဲမြဲမလုပ်ဘူး"

"အရင်ကတော့ သစ်ကားလိုက်ပါရဲ့ . . . အန္တရာယ်များလို့တဲ့ မလိုက်တော့ပြန်ဘူး . . . တင်ဖေကလည်း သူနဲ့ပန်းရန်လုပ်ဖို့ခေါ်တယ် . . . တစ်နေ့ ထောင့်ငါးရာနှစ်ထောင်နည်းလား . . . အဲဒါကိုလည်းပင်ပန်းလို့တဲ့ မလုပ်ပြန်ဘူး . . . အဲ . . သူသေသည်အထိလုပ်သွားတာကတော့ အရက်သောက်တာနဲ့ အလျှုအိမ် ထမင်းလိုက်ချက်တာပဲ . . "

စကားပြောရင်း ဘွားစမ်းမြက သူ့အတွင်းခံအကျီနှင့်တွဲချုပ်ထားသောအိတ်ကိုဟိုစမ်း၊ ဒီစမ်းလုပ်သည်။ ဘာမှမတွေ့မှဆက်ပြီး

"အလျှုအိမ်ထမင်းချက်တဲ့နေရာမှာတော့ မောင်တင်မောင်

တို့က ပတ်ကားပဲဟေ့ . . . အလှူရှိလို့ သူ့ကိုခေါ် လိုက်ရင် ယောက်မ တစ်လက် . . . ဓားမတိုတစ်ချောင်း ခါးထိုးသွားတော့တာပဲ . . . အလှူရှင်ဘာချက်ချင်လဲသာပြော . . မုန့်ဟင်းခါးလား . . ထမင်း လား . . . ကြိုက်ရာပြော . . . ဒါပေမယ့် ကြိုတော့ပြောရသနော့။ မုန့်ဟင်းခါးချက်တဲ့ယောက်မနဲ့ ထမင်းဟင်းချက်တဲ့ယောက်မ မတူ ဘူးလေ . . . ကားဆရာ အိမ်ပေါ်တက်ကြည့်ရင်တွေ့မှာပါ . . . အိမ် ထရံမှာ သူ့ယောက်မကြီး နှစ်လက်ချိတ်ထားတာ . . မောင်တင်မောင် ကသူ့ယောက်မနှစ်လက်ကိုလည်း သိပ်ဂုဏ်ယူတာ . . . ဂုဏ်ယူပေမ ပေါ့ . . . သူ့ယောက်မတွေက သူ့ဆရာမြင့်ထွန်းကြီးပေးသွားတာကိုး"

ဘွားစမ်းမြက ပြောရင်းနှင့်မောသွားဟန်ဖြင့် သူ့အိတ်ကပ် ထဲယူလာသော ဆေးလိပ်တိုကိုထုတ်၏။ နောက် အိတ်ကပ်ထဲမှ မီးခြစ် ကိုခတ်ရင်းဖြင့် . . .

"ကားဆရာရေ . . မင်းကားက လေလည်းမတိုက်ဘဲ အေး လိုက်တာ . . . အောင်မလေးအဖျားပါတက်ချင်နေပြီ . . ဟီး . . ဟီး"

ဆိုပြီးတုန်ပြလိုက်တော့ ကားဆရာကအဲယားကွန်းကို လျှော့ ပေးလိုက်၏။ ထိုတော့မှဘွားစမ်းမြက . . .

"မှတ်မိသေးတယ် . . . မြင့်ထွန်းနဲ့မောင်တင်မောင်တို့ ဆရာတပည့်နှစ်ယောက်အကြောင်း . . . မြင့်ထွန်းဆိုတာကလည်း အလှူအိမ်ထမင်းချက်လောကမှာ ပတ်ကားပါရော့လား . . . သူ့သစ် သားယောက်မကြီးဆို တစ်ခါမှရေမဆေးထားဘူး . . . အလှူမှာချက် ပြီး ဒီအတိုင်းယူလာပြီး အိမ်မှာပြန်ထောင်ထားတာ . . . ဒါကြောင့် သူ့ယောက်မကြီးမှာ အနံ့အရသာအစုံပါနေတာ . . . တော်ရုံတန်ရုံ ဟင်းလောက်ကတော့ သူ့ယောက်မကြီးနှစ်လိုက်ရုံနဲ့ပြည့်စုံသွားပြီ . . အဲဒီ့လောက်စွမ်းတဲ့ယောက်မကြီးကို ကျွန်မသားတင်မောင်ကို အမွေ

ဆက်ခံဖို့ပေးသွားတာလေ"

ဘွားစမ်းမြကပြောရင်းနှင့် သူ့သားအတွက်၊ သူ့သားရထား သော သစ်သားယောက်မကြီးအတွက် ဂုဏ်ယူဟန်နှင့် ရင်ကိုကော့လိုက်သေး၏။

"အဲဒီယောက်မကြီးကြောင့်ပဲ တင်မောင်နဲ့လှအေး အကြောင်းပါကြတာလေ. . . ဖြစ်ပုံကဒီလို . . ."

ဟုဆိုကာ စကားမဆက်သေးဘဲ မီးမရှိသောဆေးပေါ့လိပ် တိုတိုပါး စပ်ထဲခဲလိုက်သေးသည်။ နောက် ကားဆရာဘက်လှည့်၍

"ကားဆရာလေး. . . ကားဆရာလေးမှာ မီးခြစ်ကလေးများမပါဘူးလား"

ဘွားစမ်းမြအမေးကို ကားဆရာကလှည့်ပင်မကြည့်ဘဲ . .

"ဒီကားပေါ်မှာ ဆေးလိပ်မသောက်ရဘူး . . ."

ကားဆရာ၏ခပ်မာမာ အဖြေစကားကိုဘွားစမ်းမြက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး . . .

"ဩော်. . . ဩော် . . . မသောက်ရဘူးဆိုလည်း မသောက်တာ

**တော်ရုံတန်ရုံ ဟင်းလောက်ကတော့ သူ့ယောက်မကြီး နှစ်လိုက် ရုံနဲ့ ပြည့်စုံသွားပြီ**



www.foreverspace.com.mm

www.foreverspace.com.mm

ချိုးထားပေးမှုဖြစ်တာ"

"အဲဒီမှာ လှုအေးကလည်း အကြောသမားလေ. . ကြည့်လို့ကိုမရဘူး"

ဘွားစမ်းမြကမဲ့ရွဲ့၍လက်ထဲမှ ဆေးလိပ်တိုကို စိတ်လိုလက်ရ ကားကြမ်းပြင်ပေါ်ပစ်ချရင်းပြောသည်။ နောက်မှ သူ့ဘာသာသူ ဆေးလိပ်ကိုပြန်ကောက်ရင်း . .

"သူ့ယောက်ျားမသာကြီးဘချောကို မောင်တင်မောင်နင်း နှိပ်ချိုးချက်နေတာတွေ့ပြီး သဘောကျသွားတာဖြစ်မယ်. . . သူ့ယောက်ျားဘချောရက်လည်ပြီး . . . နှစ်ရက်လားပဲ. . . အဲဒီတုန်းက လှုအေးအမေ ဒေါ်ဖလူးကြီးရှိသေးတာကိုး. . . အဲဒါကို ကောင်မက သူတို့အိမ်အောက်မှာ လတ်လတ်ဆတ်ဆတ်ဥနေတဲ့ကြက်ဥတွေနှိုက်ပြီး . . . 'အမေရေ . . သမီးကြက်ဥတွေသွားရောင်းပြီး ငှက်ပျောသီးဝယ်မယ်' ဆိုတော့ သူ့အမေဒေါ်ဖလူးကလည်း တကယ်ထင်ပြီး 'အေး . . အေး ငှက်ပျောသီးဝယ်မယ်ဆိုလည်း နည်းနည်းစိမ်းတာဝယ်ခဲ့ . . . အိမ်ရောက်မှအုပ်စားမယ်' ဆိုတာကို ဒင်းက 'အို . . အမေကလည်းတစ်ခါတည်းစားလို့ရတဲ့ ရွှေငှက်ပျောဝင်းဝင်းကြီးပဲ ဝယ်ခဲ့မယ်' ဆိုပြီး ထွက်သွားပါလေရောလား . ."

ဘွားစမ်းမြကမောသွားဟန်နှင့် အသက်ကိုပြင်းပြင်းရှူသည်။ ပြီးနောက် ကားပေါ်မှနေ၍ဖြတ်သွားဖြတ်လာ လူများကို ကြည့်၏။ ပြီးမှ သဘောကျဟန်ဖြင့် . .

"လမ်းပေါ်က လူတွေကတော့ ငါ့ကိုသူဌေးမကြီးထင်မှာပဲ နော် . . ဟီ . . ဟီ"

ဆိုပြီး သဘောကျစွာလှမ်းပြောလိုက်သေး၏။ ဒါကို ကားဆရာက ခုနသူပြောနေသော ဇာတ်လမ်းအဆက်ကိုသိချင်ဇောဖြင့်

www.foreverspace.com.mm

လှည့်ကြည့်လှည့်ကြည့်လုပ်သည်။ ဘွားစမ်းမြက ဘာသိဘာသာ ရေရွတ်သလိုဖြင့် . . .

"ဩော် . . လူတွေ . . လူတွေ လမ်းလျှောက်နေတာကို ကားပေါ်ကနေကြည့်တော့လည်းတစ်မျိုးပါပဲလား . . . မျက်လုံးတွေကိုက ဂနာမငြိမ်ဘူး . . . ဟွန်း . . ဟိုကောင်မ လှအေးလိုပဲ . . "

ဆိုကာ သတိပြန်ရသွားသလိုဖြင့် . . .

"မပြောချင်ပါဘူးကားဆရာရေ . . အဲဒီ့ကတည်းက မောင်တင်မောင်နဲ့လှအေးပျောက်သွားလိုက်တာ ဘယ်မှာမှပြန်ရှာမတွေ့တော့ဘူး. . . ဘယ်နားမှာ သွားနေ နေကြမှန်းလဲမသိဘူး . . . တစ်ရပ်လုံး အနှံ့လိုက်ရှာကြတာလည်း မတွေ့ဘူး . . . နောက်အတော်ကြာမှ . . "

ဘွားစမ်းမြကစကားကိုမဆက်ဘဲ ဆေးလိပ်ကိုကိုက်ပြီး မီးခြစ်စမ်းပြန်၏။ ကားဆရာကမနေနိုင်တော့ဘဲ သူ့မီးခြစ်ကိုထုတ်ပေးလိုက်၏။

"ကျေးဇူးပါပဲ ကားဆရာရယ်. . . ဆေးလိပ်မသောက်ရမနေနိုင်လို့ပါ"

ထိုတော့မှ ဘွားစမ်းမြဆေးလိပ်ကိုမီးညှိပြီး အားရပါးရတစ်ဖွာနှစ်ဖွာ ရှိုက်ဖွာကာ စကားကိုပြန်ဆက်သည်။

"အတော်ကလေးကြာမှ အရပ်ထဲကလူတစ်ယောက် အခုလိုပဲဆုံးတယ်. . . အရပ်ထဲကလူတွေကလည်းအခုလိုပဲ အသုဘလိုက်ပို့ကြတာပေါ့. . . အဲဒီ့တုန်းက ကိုဖိုးပျော့လား. . . ဦးလဂျစ်လားပဲ . . . ဆုံးတာ. . . အဲ . . ကိုဖိုးပျော့ . . ကိုဖိုးပျော့ . . . ဦးဖိုးပျော့ရဲ့အသုဘ"

"အဲဒီ့တော့မှ လား လား . . မောင်တင်မောင်နဲ့မိလှအေး

www.foreverspace.com.mm

ကို သင်္ချိုင်းဇရပ်နားပြန်တွေ့တာ . ."

ဘွားစမ်းမြစကားကြားတော့ ကားဆရာပြုံးသည်။ ဘွားစမ်းမြမှဆက်၍ . . .

"သင်္ချိုင်းထဲတောင် ဘယ်နေရာလဲ သိလား . . . လူအေးယောက်ျားဘချောအုတ်ဂူပေါ်မှာ . . အောင်မာ . . နှစ်ယောက်သားရှင်ဘုရင့် အိပ်ရာပေါ် ရောက်နေတယ်မှတ်သလားသိပေါင် . . ပြုံးပြုံးကြီးနဲ့ စန့်စန့်ကြီးလှဲနေကြတာ . . . လူအေးအမေ ဒေါ်ဖလူးဆိုတာ ဆဲတာမှ ဒီလိုလား . . ."



www.foreverspace.com.mm

ဘွားစမ်းမြက ဆေးပေါ့လိပ်ကို ခပ်ပြင်းပြင်းတစ်ချက်ဖွာ
လိုက်သည်။ ပြီးမှ ဒေါ်ဖလူးကြီး ထိုစဉ်ကပြောခဲ့သော လေသံအတိုင်း
မာန်ကိုသွင်းပြီး . . .

"ဟင် . . နင်ပြောတော့ကြက်ဥရောင်းပြီးငှက်ပျောသီး
ဝယ်ပြန်ခဲ့မယ်ဆို . . ဩော် . . ငါ့မှာတော့ . . ငါ့ကိုပါကျွေးမယ်မှတ်
ပြီး ငှက်ပျောသီးအစိမ်းဝယ် . . . သားအမိနှစ်ယောက် စိတ်တူကိုယ်
တူ အုပ်စားရအောင် . . ဆိုတာကို သင်းက . . . ငှက်ပျောသီးရွှေငှက်
ပျောသီးအမှည့်အဝင်းလေးပဲ ဝယ်စားမယ်ဆိုပြီးလုပ်သွားတယ်. .
ကောင်မ . . နင်ပြောတဲ့ ရွှေငှက်ပျောသီးဆိုတာ ဒါကြီးလား . . ဟင်
ဆိုပြီး မောင်တင်မောင်ကိုလက်ညှိုးထိုးပြောတော့ . . ဦးလဂျစ် . . အဲ
ဦးဖိုးပျော့အသုဘမှာ ငိုရမယ့်အစားအားလုံး ဝါးခနဲထရယ်ကြပါရော့
လား . . ဟင် . . ပြစမ်းပါဦး . . နင့်ရွှေငှက်ပျောသီးလေး ငါကြည့်ရ
အောင် . . . ဆိုတော့ဖြစ်ချင်တော့ မောင်တင်မောင်ဆီမှာကလည်း
နောက်ဆုံးလက်ကျန်စားဖို့ ငှက်ပျောသီးတစ်လုံးကျန်နေတယ်. . .
လှုအေးအမေအဘွားကြီးကဖလည်း ထအော်နေတော့ သူလည်း
လန့်ပြီး ငှက်ပျောသီးကို ပေါင်ကြားထဲညှပ်လိုက်မိတယ်. . အဲဒါကို
မြင်တော့ အသုဘလာတဲ့လူအားလုံး ဝါးခနဲထရယ်ကြပြန်ရော . . .
အားလုံးကလည်း မောင်တင်မောင် ရွှေငှက်ပျောသီးကြီးမြင်ထား
တာကိုး . . အဝေးကကြည့်တော့ . . အဲ . . ငှက်ပျောသီးပါပဲ"

ကားဆရာထံမှ တိုးတိုးဖွဖွရယ်သံကြားရ၏။ ဒါကို ဘွားစမ်း
မြမှလည်း ပါးစပ်အရှိန်ရနေပြီဖြစ်၍ထင့် ဆက်ပြောသည်။

"ဘယ်မှာလဲ . . နင်ပြောတဲ့ ဝင်းဝင်းမှည့်မှည့် ရွှေငှက်ပျော
လေး . . ငါကြည့်စမ်းပါရစေ . . ဆိုပြီး မောင်တင်မောင်ဂုက်ထားတဲ့

www.foreverspace.com.mm

ရွှေငှက်ပျောကို အတင်းဝင်ဆွဲမယ် လုပ်လို့ လူတွေကဖမ်းထားပေး ရတယ် . . . "

"အဲ . . အသုဘပို့တဲ့ကြားထဲ လှအေးအရင်ယောကျ်ား ဘချောရဲ့ အမေ ဒေါ်ကာတစ်ကြီးလည်းပါနေ တာကိုး . . ဒေါ်ကာတစ်ကလည်း နှယ် နှယ်ရရမဟုတ်ဘဲ လှအေးကိုတင် မောင်နဲ့သူ့သား အုတ်ဂူပေါ်တွေ့တော့ ဒေါသထွက်တာပေါ့ . . . ဒါနဲ့ပဲရှေ့ ထွက်လာပြီး "

"ဟင် . . ကောင်မငါ့သား သေတာမှဂူမခြောက်သေးဘူး . . . နင်က ငါ့သားမျက်နှာမှမထောက် . . နောက်လင်နဲ့ ငါ့သားအုတ်ဂူပေါ် မြိုင်လာကျနေတာပေါ့လေ . . . သေ သွားတဲ့ ငါ့သားမျက်နှာ နည်းနည်း ထောက်ဖို့ကောင်းတယ်ဆိုပြီး ဆဲ တာပေါ့ . . ဒါကိုလှအေးကလည်း သိ တဲ့အတိုင်း သိပ်အတင်ခံတာ မဟုတ် ဘူး . . . မျက်လွှာလေးချပြီး ကိုဘချော မျက်နှာကို ထောက်ပါတယ် အမေရဲ့ ဆိုပြီး မျက်ရည်စမ်းစမ်းနဲ့ပြန်ပြော တယ်"

**သေသွားတဲ့ ငါ့သားမျက်နှာ နည်းနည်း ထောက်ဖို့ကောင်းတယ်ဆိုပြီး ဆဲတာပေါ့**

www.foreverspace.com.mm

"အဲဒီတော့မှ ဒေါ်ကာတစ် လည်း ယမ်းပုံမီးကျဖြစ်ပြီး . ."

"ဟင် . . ငါ့သားမျက်နှာကိုထောက်တယ် ဟုတ်လား . . နင်တို့ဘာနဲ့ထောက်ကြတာလဲ . . . ငါ့သားမျက်နှာကို ဘာနဲ့ထောက်ကြတာလဲ. . . ဒီကောင်မ ငါပါးဆွဲချမယ် . . ဆိုပြီး ဝရုန်းသုန်းကားကိုဖြစ်နေတော့တာ . . ဩော် . . ဒီဆေးလိပ်မီးက သေပြန်ပြီ"

ဘွားစမ်းမြလည်း ပြောရင်း သူ့ဆေးလိပ်ကိုရှိုက်ဖွာပြော၏။ တစ်ခါတော့ ကားဆရာကအလိုက်သင့် မီးခြစ်ကမ်းပေးပြန်၏။

"ကျေးဇူးပါပဲ . . ကားဆရာရေ့ . . . ."

ဆေးလိပ်ကို မီးပြန်ညှိသည်။ ပြီးနောက်ဆေးလိပ်ကို မီးရဲအောင်ဖွာကာ . . .

"အင့် . . . မီးခြစ်ပြန်ယူ ကားဆရာရေ့ . . ."

ဟုဆိုရင်းမီးခြစ်ပြန်ကမ်းပေး၏။ ဘွားစမ်းမြကသူ့ဆေးလိပ်ကို မီးခိုးပြန်မှုတ်ထုတ်ကာ . .

"သူတို့ညားပြီး ဘာကြာလို့ခြောက်လလားပဲ . . သားအကြီးပလာတူးကိုမွေးတာပါပဲ . . ယောကျ်ားလေးတစ်ယောက်ကို ခြောက်လနဲ့မွေးတာဆိုတော့ စဉ်းစားသာကြည့်. . . ဒါဘယ်သူ့ကလေးဖြစ်မယ်ဆိုတာ . ."

ကားဆရာက ပြုံးသွားသည်။

"ရုပ်ကလည်းဘချောရုပ်. . . စိတ်ကလည်း ဘချောစိတ်. . ဒါကိုတောင် လူအေးက သူနဲ့တင်မောင်နဲ့ကလေးဆိုပြီး ဇွတ်ငြင်းတာ. . . စဉ်းစားကြည့်လေ . . ဘယ်ယောကျ်ားလေးက ခြောက်လနဲ့မွေးမှာလဲ . . . သူတို့ သချိုင်းထဲခိုးပြေးသွားထဲက ဒီဗိုက်ကပါလာလို့ပေါ့. . . ဟုတ်ဘူးလား . . ဒါတောင် အခုတင်မောင်သေတော့ သရဲကြောက်တယ်လေး ဘာလေးနဲ့ပြောသေး . . ဘချောအမေ ဒေါ်ကာ

တစ်ကြိုးပြောလည်းပြောချင်စရာ . . . "

ဘွားစမ်းမြကစကားစဖြတ်ပြီး ဆေးလိပ်ကို အရသာခံ သောက်နေ၏။ အတန်ကြာမှ . . . .

"ပြောရဦးမယ် ကားဆရာရေ . . လူအေးအရင်ယောက်ျား ဘချောအမေဒေါ်ကာတစ်ကလည်း ကာတစ်ဆိုတဲ့နာမည်အလကား ရခဲ့တာမဟုတ်ဘူး . . . သူ့နာမည်ရင်းက . . . မခွေးမဆိုလား . . မဆိတ်မဆိုလား . . . နာမည်ကတိရစ္ဆာန်နာမည်ခပ်လှလှပဲ . . "

ကားဆရာပြုံးသွား၏။ ဘွားစမ်းမြမှဆက်၍ . . .

"အဲ သူ့နာမည် ဒေါ်ကာတစ်ဖြစ်သွားတာက သူ့ယောက်ျား ဘချောအဖေ ဦးတောင်ကျော်ကြောင့်ပေါ့ . . "

ဘွားစမ်းမြက သူ့ဘာသာသူ မျက်နှာရှုံ့မဲ့ရင်း . .

"နာမည်က တောင်ကျော် . . ဝါသနာကလည်း မသေးဘူး ဆရာရေ့ . . ဇာတ်ပွဲဝါသနာပါပုံကလည်း ရှာမှရှား . . . ဘယ်မှာပွဲ ဖြစ်ဖြစ် တောင်ကျော်ရောက်ပြီးသား . . . ပေါင်းတာတောင် လူငယ် တွေနဲ့ပဲပေါင်းတာ . . . "

ကားဆရာက ဘက်မှန်မှတစ်ဆင့် ဘွားစမ်းမြကိုလှမ်းကြည့် သည်။

"ဘယ်လောက်ထိလဲဆို တစ်နေ့ကျတော့ လူငယ်လေး တွေနဲ့အတူ ထိုင်နေရင်း ကောင်မလေးတစ်ယောက် သူတို့ရှေ့ဖြတ် သွားရော . . . အဲဒီမှာ ကောင်လေးတစ်ယောက်က ဖြတ်သွားတဲ့ ကောင်မလေးနောက်ကျောကိုကြည့်ပြီး . . . "

"ဟေ့ကောင် . . ကောင်မလေးရဲ့ ကာတစ်ကမဆိုးဘူးနော"

"ဆိုပြီး နောက်တစ်ယောက်ကို လှမ်းပြောပါလေရော . . ဒါကို ဦးတောင်ကျော်ကကြားတော့ . . ဘာလဲ ကာတစ် . . ကာတစ်

www.foreverspace.com.mm

ဆိုတာ ငါမကြားဖူးဘူးပေါ့နော် . . ဆိုတော့ . . လူငယ်လေးတွေကလည်း . . ."

"ဟာ . . ဦးတောင်ကျော်ကလည်း ကာတစ်ဆိုတာ မန္တလေးဘက်ကစကားဗျ. . . မိန်းကလေးတွေရဲ့တင်ပါးကို ဇန်းစကားအဖြစ်ပြောတာဆိုပြီး ရှင်းပြတယ်"

"အဲဒီစကားကို ဦးတောင်ကျော်က သဘောကျသွားတယ်"

ဘွားစမ်းမြက ဆေးပေါ့လိပ်မီးမသေအောင် ခပ်မြန်မြန်ရှိုက်ဖွာလိုက်သည်။ မီးလည်း ရဲခနဲနေ၊ မီးခိုးလည်း အများကြီးထွက်မှ မီးခိုးကိုအရသာခံမှုတ်ထုတ်ပြီး . . .

"တစ်နေ့ကျတော့ ဦးတောင်ကျော်ရဲ့ဒေါ်ကာတစ် . . အဲလေ . . အဲဒီတုန်းကနာမည် ဘာပါလိမ့်"

ဘွားစမ်းမြက သူ့ဘာသူပြောပြီး သူ့ဘာသာသူပြန်စဉ်းစားသည်။ အတန်ကြာမှ . . .

"ဩော် . . မှတ်မိပြီ . . မှတ်မိပြီ . . ဒေါ်ဆင်မ . . ဒေါ်ဆင်မ . . ဒေါ်ဆင်မနဲ့ဦးတောင်ကျော်ထိုင်နေတုန်း . . ကိုယ်လုံးလှလှကောင်မလေးတစ်ယောက်ဖြတ်သွားတော့ ဦးတောင်ကျော်ကဒါမျိုးမြင်ရင် မနေနိုင်ဘူးမဟုတ်လား. . . ဒါနဲ့ မနေနိုင်မထိုင်နိုင်သူ့ပါးစပ်က . . ."

"တောက် . . ကောင်မလေး ကာတစ်ကတော့ . . လှမှလှ"

"ဆိုပြီး ထွက်သွားရော . . ဒါကို . . သူ့မိန်းမ ဆင်မကကြားပြီးမေးပါလေရောလား . . ကာတစ်ဆိုတာဘာလဲပေါ့ . . "

"ဒါနဲ့ ဦးတောင်ကျော်ကလည်း ကာတစ်ဆိုတာအမှန်အတိုင်းပြောလို့မှမဖြစ်တာ . . . သူနာဘူးကျတာသိသွားမှာကိုး . . "

"ဒါနဲ့ပဲ တစ်ဖက်လှည့်နဲ့ . . "

www.foreverspace.com.mm

"ဘာမှ မဟုတ်ပါဘူး မိန်းမရာ . . ကာတစ်ဆိုတာ မျက်လုံး ကို ပြောတာ. . ခုနက ကောင်မလေး ကာတစ်လှတယ်ဆိုတာ မျက်လုံးလှတာကိုပြောတာဆိုပြီး လိမ်ပြောလိုက်ပါရောလား . . ."

"ဒါကို သူ့မိန်းမ ဆင်မက လည်းမှတ်ထားတယ်. . . ကာတစ်ဆိုတာ ခွင်ဝင်လာရင် သုံးရအောင်ပေါ့ ကားဆရာ ရေလေးများရှိမလား . . အာခြောက်လွန်းလို့ . . ."

ဘွားစမ်းမြက ဖြတ်ပြော၏။ ကားဆရာက ကားအံဆွဲထဲက ရေတစ်ဘူး ထုတ်ပေးသည်။ ဒါကို ဘွားစမ်းမြက လှမ်းယူပြီး . . .

"သာဓုပါတော် . . သာဓုပါ"

ဆိုပြီးရေဘူးကို မော့သောက်ချလိုက်၏။

"ဟား . . ရင်ကိုအေးသွားတာပဲ . . ရော့ရော့ . . ကားဆရာ . . ရေဘူးလေး ပြန်သိမ်းလိုက်ပါဦး . ."

ဟုဆို၍ပြန်ပေးတော့ ကားဆရာက . . .

"ရတယ် ရတယ် . . အဘွား

**ကိုယ်လုံးလှ လှကောင်မလေး တစ်ယောက်ဖြတ်သွားတော့ ဦးတောင်ကျော်က ဒါမျိုးမြင်ရင် မနေနိုင်ဘူးမဟုတ်လား**

www.foreverspace.com.mm

ပဲယူသွားလိုက်"

ဘွားစမ်းမြက ရေဘူးကိုပြန် ယူလိုက်ပြီး . . .

"ဪ . . ခေတ်လူများကျတော့ . . ရေကိုတောင်ဘူးသွပ်ရောင်းတယ် . . တို့များတုန်းကတော့ ကာတစ်တောင်ဘာမှန်းမသိခဲ့ပေါင်း . . . ကာတစ်ဆိုတာ ဆက်ပြောရဦးမယ် . ."

ဆိုပြီး ခုနကစကားကိုပြန်ဆက်သည်။

"ဒီလိုနဲ့တစ်နေ့ကျတော့ ဟိုအက်ရွာမှာပွဲဖြစ်ပါလေရော့လား . . ကားဆရာရဲ့ . ."

ကားဆရာက သူ့ခုံပေါ်လှော်ချပြီး ဘွားစမ်းမြစကားကို နားထောင်၏။

"ပွဲဖြစ်တော့ ထုံးစံအတိုင်းဦးတောင်ကျော်က . . . မနေနိုင်ဘူး . . . ပွဲသွားမယ် တကဲကဲလုပ်တော့တာပေါ့ . . . ဒေါ်ဆင်မကလည်းပွဲကမကြိုက် . . . ဒါပေမယ့် သူ့ယောကျ်ားကိုလည်းစိတ်မချတော့လိုက်ရတာပေါ့ . . . သူ့ယောကျ်ားတောင်ကျော်ကလည်း သိတယ်မဟုတ်လား . . . ဒါကြောင့်လိုက်ရတာ"

"ပွဲကလည်း ဘာကလိုကမှန်းမသိ . . . ဦးတောင်ကျော်ကတော့ဟုတ်တာပေါ့ . . . သူက ပွဲကြိုက်မောင်ကိုး . . . ဒေါ်ဆင်မကသာ ပြဿနာတက်နေတော့တာပေါ့ . . . သူ့ခမျာ ပွဲကလည်းမကြိုက် ပွဲခင်းထဲအိပ်ဖို့ကျတော့လည်း ဆိုင်းသံဗုံသံနဲ့လူအများကြား အိပ်ကမအိပ်တတ် . . . အိမ်ပြန်ဖို့ကျတော့လည်း သူ့ယောကျ်ားတောင်ကျော်အကြောင်းသိနေတာနဲ့ပဲမပြန်ရဲ . . . ဒီလိုနဲ့ပဲ ပွဲခင်းထဲမှာ တစ်ညလုံးကြောင်စီစီနဲ့ထိုင်နေရတာပေါ့"

"ပွဲပြီးလို့ အိမ်ပြန်တော့လည်း အိမ်မှာမနက်ခင်းကြီးဆိုတော့ အိပ်လို့ကမဖြစ် . . ဒါနဲ့ပဲ အိပ်ရေးပျက်တဲ့မျက်နှာကြီးနဲ့ အိမ်ရှေ့ထွက်

www.foreverspace.com.mm

ထိုင်နေပါရောလား"

"ဖြစ်ချင်တော့ သူထိုင်နေတဲ့အချိန် ကျမှကောင်လေးနှစ်ယောက်က ဖြတ်သွားပါလေရော့ . . . ဒေါ်ဆင်မမျက်လုံးကြီး မှိတ်အစ်နေမြင်တော့မေးတာပေါ့ . ."

"ဒေါ်ဆင်မ . . ဒေါ်ဆင်မ . . ဘယ်လိုဖြစ်တာလဲ . . မျက်နှာလည်းမကောင်းဘူး . . . မျက်လုံးကြီးလည်း မှိတ်အစ်နေတာပဲ . . . ဘာဖြစ်တာလဲ . ."

ဆိုတော့ ဒေါ်ဆင်မကလည်း သူ့ခွင်ဝင်လာပြီကိုး . . အပီပြောမယ်ပေါ့ . . . ဒါနဲ့သက်ပြင်းကိုခပ်ဆောင့်ဆောင့်ချပြီး . . .

"မပြောချင်ပါဘူး မောင်ညီတူးရယ် . . နင်တို့ဦးတောင်ကျော်လုပ်တာပေါ့ . . . တစ်ညလုံးလည်းမအိပ်ရဘူး . . . မနက်အထိဆိုတော့ ကာတစ်တွေကိုကျိန်းနေတာပဲ . . . တဲ့ . . ."

ဘွားစမ်းမြစကားကို ကားဆရာကထရယ်၏။ ဒါကို ဘွားစမ်းမြက လိုက်မရယ်ဘဲ ရေဘူးအဖုံးကိုဖွင့်ရင်း . .

"သူ့စိတ်ထဲမှာတော့ ကာတစ်ဆိုတာ မျက်လုံးပဲထင်နေတာကိုး . . . သူ့ယောက်ျားကလည်း ဒီလိုပဲပြောခဲ့တာ . . . ဟိုဘက်ကသိတဲ့ကာတစ်ကတစ်မျိုးလေ . . . တစ်ညလုံးလည်းမအိပ်ရဘူး . . . ကာတစ်တွေကို ကျိန်းနေတာဆိုတော့ . ."

ကားဆရာကရယ်ရင်း ကားဘက်မှန်ထဲက ဘွားစမ်းမြကိုပြန်ကြည့်သည်။ ဘွားစမ်းမြက ရေတစ်ငုံမော့သောက်ရင်း . . .

"အဲဒီ့ကတည်းက ဘချောအမေနာမည် ကာတစ် . . . ဒေါ်ကာတစ်ဖြစ်သွားတော့တာပဲ"

ကားဆရာတိုးတိုးဖွဖွရယ်သည်။ ကားလေးကတော့ တလိမ့်လိမ့်၊ တငြိမ့်ငြိမ့်သွားနေဆဲ . . မမွတေးသံနှင့်အတူ ငိုညည်းသံ ဟို

www.foreverspace.com.mm

တစ်ကွက်၊ သည်တစ်စကြားနေရသည်။

"ကားဆရာ . . သချိုင်းကဝေးသေးလား . . ."

ကားဆရာက အပြင်ဘက်ကို ငုံ့စောင်းကြည့်ရင်း . . .

"သိပ်တော့မဝေးတော့ဘူး . . အဲ . . ဒါပေမယ့် ဒီအရှိန်နှုန်းနဲ့ဆို နောက်နာရီဝက်လောက်မောင်းရဦးမှာ . ."

ဘွားစမ်းမြ ခေါင်းညိတ်၏။ နောက်မှ သူ့ဘာသာသူ ညည်းတွားသလိုဟန်မျိုးနှင့် . . .

"ဩော် . . . တင်မောင် . . . တင်မောင် နှင်ရောက်ဖို့ နာရီဝက်လောက်လိုဦးမှာပေါ့နော် . . အင်း . . ဒီအတိုင်းဆို ဟိုကောင်မလှအေးလည်း ခေါင်းတွေမူးနောက်အောင် ငိုချင်ယောင်ဆောင်ရဦးမယ် . . ကြည့်ကိုမရဘူး . ."

ဟုဆိုကာ သူတို့အနောက်မှလိုက်လာသော ကားကိုငဲ့ကြည့်သည်။ ပြီးမှ ရတနာသိုက်ကို ရုတ်တရက်တွေ့လိုက်ရသော အသံမျိုးဖြင့် . . .

"ဟိုမှာတွေ့လား . . ကားဆရာလေး . . ဟိုမှာ ကားခေါင်းခန်းမှာ မျက်နှာကို လက်ကိုင်ပဝါနဲ့အုပ်ပြီး ငိုနေတဲ့ကောင်မတွေလား အသားညိုညိုမျက်နှာမှာ ပါးကွက်ကြားကြီးနဲ့လေ . . အဲဒါ . . အဲဒါ လှအေးပေါ့ . ."

သူညွှန်ပြရာသိလိုစိတ်နှင့် ကားဆရာက ဘက်မှန်ထဲမှကြည့်သည်။ ဘက်မှန်ထဲမှ ရုတ်တရက်မမြင်ရသေး၍ ဘက်မှန်ကိုနေရာရွှေ့ကြည့်သည်။

"ဟိုမှာတွေ့လား . . အဲဒီ့မှာ မျက်လုံးပြူးပြူး . . . နှာခေါင်းလန်လန်နဲ့ကောင်မလေး . . အေး . . အဲဒါ လှအေးပဲ . . ကောင်မကြည့်ပါလား . . ငိုသာငိုနေတာ မျက်လုံးကဂဏှာမငြိမ်ဘူးအဲလိုပဲ"

www.foreverspace.com.mm

ကားဆရာက မလှအေးကိုတစ်လှည့်၊ ဘွားစမ်းမြကိုတစ်လှည့် ငဲ့ကြည့်၏။

"အဲဒီ့ကောင်မပေါ့. . . တစ်ခါကလည်း မပြောချင်ဘူး. . . ပလာတူးမွေးပြီးသိပ်မကြာဘူး. . . မောင်တင်မောင် သစ်ကားလိုက်နေတဲ့အချိန်ပေါ့ . . . သစ်ကားကလည်း တစ်နေ့တစ်နေ့အလုပ်ကောင်းရင်မနည်းရတာကိုး. . . ငွေကလည်းရှင်တော့ တစ်မိသားစုလုံး ရန်ကုန်မြို့တက်ပြီး ဘုရားဖူးကြမယ်ပေါ့ . . မောင်တင်မောင်ရယ်. . သန်းရီရယ်. . . ကျွန်မရယ်. . . လှအေးရယ်. . . ပလာတူးရယ် . . အဲ . . သန်းရီသမီး ကျောက်ပေါက်လည်းပါတယ်"

"သွားမယ်ဆိုကတည်းက . . . ကောင်မက အဟောင်းတန်းစကပ်တိုကြီးတစ်ထည် ခုနစ်ရာနဲ့ဝယ်လာတယ် . . ကြည့်ဦး. . . စကပ်ကလည်း ပေါင်လယ်လောက်လေး . . . "

"ငါတို့ကဝိုင်းတားတာပေါ့နော် . . . လှအေး . . . နင်ကကလေးအမေလည်းကလေးအမေ . . . မျက်နှာကြီးကလည်း ဘတ်လဘိုင်လိုက်နေပြီ. . . နောက်ပြီး နင့်တင်ပါးဆုံကလည်း တံခေါက်ခွက်လောက်မှာသွားလည်နေတော့ ဒီစကပ်ကြီးဝတ်သွားရင် လုံမှာမဟုတ်ဘူး . . . လမ်းသွားရင် တွေ့ကရာလူ ဖြိမ်းခြောက်နေတဲ့အပြင် ထိုင်ရင်လည်းထိုင်တဲ့နေရာ ကွဲခြေရာ ခွက်ကြီးထင်နေလိမ့်မယ်. . . ရှင်းပြတယ်. . . မရဘူး"

ကားဆရာထံမှ ခပ်သဲ့သဲ့ရယ်သံကြားရ၏။ နောက်ဘက်မှန်ထဲမှ အနောက်ကားတွင် လင်ယောကျ်ားသေဆုံးခြင်းအတွက် ပူဆွေးစွာလိုက်ပါလာသော လှအေးကိုကြည့်၍ ရယ်ပြန်သည်။

"စဉ်းစားကြည့်လေ . . စကပ်ကပေါင်လယ်. . သူ့တင်ပါးဆုံက တံခေါက်ခွက်မှာပတ်ချာရမ်းနေတော့. . ဘယ်လိုလုပ်လုံမှာလဲ

www.foreverspace.com.mm

. . နောက် . . သွားမှာကလည်း ဘုရား . . "

ဘွားစမ်းမြက ဆေးလိပ်ပဲဖွာရမလို၊ ရေပဲသောက်မလိုလုပ်သည်။ နောက် ကားဆိုဖာခုံပေါ် ခြေနှစ်ဖက်လုံးလွှဲတင်ရင်း စကားဆက်၏။

"ကံကြီးပါတယ်အေ . . ဘုရားပေါ်ထဘီနဲ့လုံချည်နဲ့မှ မတက်ရင်မရဘူးဆိုတာနဲ့ပဲ လှအေးအဲဒီ့စကပ်မဝတ်ရတော့ဘူး . အဲဒီ့တော့မှ သူ့ကိစ္စအဆုံးသတ်တော့တယ် . . ကားဆရာ ဆေးလိပ်တိုလေး ပစ်ချင်လို့ရမလား . . "

ကားဆရာက ကားမှန်ချပေး။

"ဟဲ့ . . . အပြင်မှာ အတော်ပူတာပဲ"

ရုတ်တရက်ထိတွေ့လိုက်သော ပြင်ပအပူရှိန်ကြောင့်ဘွားစမ်းမြအံ့သြတကြီးပြောသည်။ သူ့စိတ်ထဲမှာကားထဲကလိုပဲ အပြင်မှာအေးနေလိမ့်မည်ဟု ထင်ထားတာကိုး။ ကားတံခါးမှန်ကြီး ပြန်ပိတ်လိုက်မှ . . .

"သြော် . . ဒီလိုတော့လည်း အေးသား . . "

ဟုဆို၍ စကားကိုထပ်ဆက်ကာ . . .

"အင်း . . ဒီလောက်အေးပုံမျိုးကတော့ လှအေးတို့အေးခဲ့သလောက်တော့ အေးပေါင်တော် . . အဲဒီ့ဘုရားသွားတုန်းကပေါ့"

ဘွားစမ်းမြက စကားကိုစလိုက်သည်နှင့် ကားဆရာမှာ ဇာတ်လမ်းအသစ်တစ်ပုဒ် နားထောင်ရတော့မည်သိနေ၍ထင့် ခေါင်းထောင်လာ၏။

"အဲဒီ့တုန်းက မိသားစုအလိုက် ဘုရားသွားကြတာလေ. . . မောင်တင်မောင်အဆင်ပြေတုန်းကပေါ့ အို. . ကလေးတွေလည်းပါ. . . လူကြီးတွေကလည်း များနဲ့ လိုင်းကားကျပ်ကျပ်ပေါ် ကျပ်ညပ်

www.foreverspace.com.mm

ပါသွားကြတယ်။ ဒီကြားထဲ ကားပေါ်မှာ လုအေးသားပလာတူးက ထင်ိုပါလေရော . . . အမှန်တော့ ကလေးက ကားပေါ်လူကျပ်လို့ မွန်းပြီး ငိုတာပါ . . . ဒါကိုလှအေးက ဘာလုပ်တယ်မှတ်သလဲ . . ”

“အင်း . . ကလေးက နို့ဆာလို့ ငိုတာဖြစ်မယ် . . . သားချိုစို့မလား”

ဆိုပြီး မေးတယ် . . . အမှန်က ပလာတူးက နို့ဖြတ်ထားပြီးပြီ . . . ကလေးကဘာသိမှာလဲ . . အမေမေးတော့ခေါင်းညိတ်တာပေါ့ . . . အဲဒါကိုလှအေးက . . .

“အေး . . အေး . . အမေကြိုးစားကြည့်မယ်ကွယ် . . ”

“ဆိုပြီး လုံချည်အစကို ဆတ်ခနဲမလိုက်သေးတယ် . . . မဆီမဆိုင်တော် . . ပြီးမှ အင်္ကျီကိုအောက်ကမလှန်ဘဲ အပေါ်ကကြယ်သီးဖြုတ်ပြီး ကလေးနို့တိုက်တာ . . တဲ့ . . . လုပ်ပုံကြည့်ဦး . . . ငါ့မှာရုက်လိုက်တာပြောမနေနဲ့ . . တွေ့တဲ့လူတိုင်း မျက်နှာလွှဲနေရတယ် . . . ဟုတ်တယ်လေ . . .

လုံချည်အစကို ဆတ်ခနဲ မလိုက်သေးတယ် . . . မဆီမဆိုင်တော် . . ပြီးမှ အင်္ကျီကို အောက်ကမလှန်ဘဲ

www.foreverspace.com.mm

မိန်းမတိုင်း ကလေးနို့တိုက်ကြတာချည်းပါပဲ . . ဒါပေမယ့် အင်္ကျီအောက်နားစလေး မသိမသာလှစ်ပြီး လူမမြင်အောင်တိုက်ရတာ . . . သူ့အလှည့်ကျမှ လူကြား သူကြားအင်္ကျီအပေါ် ကြယ်သီးဖြုတ်တိုက်ရတယ်လို့ . . သူမို့ မရှက်"

ပြောရင်းဘွားစမ်းမြ သူ့အတွင်းခံအိတ်ကိုစမ်းပြန်၏။ခဏနေတော့ သူ့လက်ထဲဆေးလိပ်တစ်လိပ်ပါလာသည်။ ပြီးနောက် . . ဆေးပေါ့လိပ် ဖင်ကိုကုတ်ခြစ်ပြီး မီးညှိလိုက်သေး၏။ ဆေးလိပ်မီးစွဲမှုရဲနေအောင်ဖွာပြီး . . .

"မြို့ပေါ်ရောက်တော့လည်း ဒီအတိုင်းပဲ . . ဘုရားဖူးတာကနည်းနည်းရယ် . . စားလိုက်တဲ့အစား . . ဟင် . . မီးပျဲ့ရွှေထုးဆိုလား . . ခေါက်ဆွဲကြော် . . ပြီးတော့ဆူးလေဘေးမှာ ပဲဟင်းနံ့ပြားစမူဆာ. . . ကီးမားပလာတာ . . မန်ကျည်းဖျော်ရည် . . တားလို့တောင်မရဘူး . . . ဒါပေမယ့် ချက်ခြင်းဝင့်လိုက်တာပဲ"

ဘွားစမ်းမြ စကားစဖြတ်လိုက်သေးသည်။ ပြီးမှဘေးဘီ ငေးရင်း . . .

"ကောင်မ တစ်ခုပြီးတစ်ခုစားပြီးဘာကြာလို့လဲ . . နောက်အိုးပွင့်တော့တာပဲ . . ."

"ဘာလဲဗျ . . နောက်အိုးပွင့်တယ် ဆိုတာ . ."

ဘွားစမ်းမြစကားကို ကားဆရာကဖြတ်မေး၏။ ဒါကို ဘွားစမ်းမြကမျက်လုံးလေးပြူးပြီး . .

"နောက် အိုးဝင်ပိတ်ထိပ်ဖူးပွင့်တာလေ . . ဘူးဆို့လိုပေါ့ဘူးဆို့အဖုံးပွင့်သလို . . သိပါဘူး . . မောင်ရင်တို့ ကားသမား စကားလို့ပြောတာပဲ . . . စပယ်ယာတွေပြောတာပါ. . . မောင်တို့လို ကား

www.foreverspace.com.mm

ကောင်းသမားတွေတော့ ဟုတ်ဟန်တူပေါင် . . "

ကားဆရာက ခပ်ဟဟရယ်သည်။ ဘွားစမ်းမြမှာသာ ဆက်၍ . . . .

"အဲဒါနဲ့ကောင်မ နောက်အိုးပွင့်ပြီး တောက်ဘက်ပြေးရမလို မြောက်ဘက်ပြေးရမလိုနဲ့ ဆူးလေကိုပတ်ပြီးအိမ်သာရှာတာ. . ဘယ်မှာမှမတွေ့ဘူး . . ဘယ်တွေ့မှာလဲ . . ငါတို့ကိုယ်တိုင်ကလည်း ရန်ကုန်မြို့ထဲအနံ့ရောက်ဖူးတာမှမဟုတ်တာ . . "

"လက်မတင်လေးပါတော် . . ဆူးလေမီးပွိုင့်ဘေးမှာတွေ့တာ. . . ကောင်မ . . ရတနာသိုက်တွေ့တာကျနေတာပဲ . . လှစ်ဆိုခုန်ဝင်သွားတော့တာ . . . "

"အိမ်သာထဲရောက်မှ အဲ . . ကောင်မဒုက္ခရောက်တော့တာ. . . အိမ်သာက တို့လိုရိုးရိုးအိမ်သာမဟုတ်ဘူး. . . ဘိုထိုင်ဆိုလား. . . ဘာလား. . . အိမ်သာခုံအမြင့်ကြီးလေ . . အဲဒါကြီး . . "

ဘွားစမ်းမြ ဆေးလိပ်ကို တစ်ဖွာနှစ်ဖွာရှိုက်လိုက်သေး၏။ ပြီးမှ . . .

ကောင်မလည်းမထူးဘူးဆိုပြီး ဖိနပ်ကလေးချွတ်ပြီး အဲဒီဘိုထိုင်ပေါ်  ဆောင့်ကြောင့်တက်ထိုင်လိုက်တယ်။

ကားဆရာက တိုးတိုးဖွဖွရယ်သည်။ ဘက်မှန်ထဲမှ လှအေးကိုပြန်ရှာကြည့်သည်။ ယောက်ျားဆုံး၍ ငိုနေသောလှအေးကို မြင်တော့ ရယ်ပြန်သည်။ ဘွားစမ်းမြသာ မသိလိုက်မသိဘာသာနဲ့ . .

"သူပြန်ပြောပြတယ်သိလား . . . "

"အမေ. . သမီးတစ်သက်မှာလေ . . အဲဒီလောက်တစ်ခါမှ မပျော်ဖူးဘူး. . . ကိုဘချောနဲ့ညားတုန်းကလည်း အဲလောက်မပျော်

ဘူး . . မောင်တင်မောင်နဲ့ယူတုန်းကလည်း အဲလောက်မပျော်ဘူး . . . အား . . . ပေါ့ထွက်သွားတာလေ . . . ခေါင်မိုးပါမတိုက်တတိုက်ပဲ . . တဲ့ . . ကောင်မပျော်တာ . . ပျော်တာ . . ”

ကားဆရာက ပြုံးရင်း ဘွားစမ်းမြကိုလှည့်ကြည့်သည်။

“သိပ်မကြာဘူး . . ကောင်မ ဒုက္ခရောက်တော့တာပဲ”

“ရေအိုးကြည့်တော့လည်း ရေအိုးမတွေ့ . . . စဉ့်ကျိုရှာတော့လည်းစဉ့်ကျိုမရှိနဲ့ ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေတယ် . . . ကိစ္စကလည်းတုံးနေပြီ . . . ထိပ်ဖူးခရေကလည်း ပြန်ငုံပြီ . . . ဒီအိမ်သာမျိုးကလည်း သူတစ်ခါမှ မတက်ဖူးတော့ဒုက္ခပေါ့ . . . ဒါနဲ့ဘယ်လိုလုပ်ပစ်ရမှန်းမသိတော့ဘူး . . . အပြင်မှာကလည်း သူကြာနေလို့ဆိုပြီး နောက်လူတွေက တံခါးတဒုန်းဒုန်းထုနေပြီ . . . ”

ဘွားစမ်းမြ စကားစဖြတ်ပြီး ဆေးလိပ်ကိုရှဲနေအောင်ဖွာလိုက်သေး၏။ အားရသွားမှဆက်၍ . .

“ကောင်မက အပါးတော့အပါးဗျ . . . သူ့ထဘီအထက်ဆင်ကို တစ်ပတ်လုံးဖြုတ်ပစ်လိုက်တာ”

ဘွားစမ်းမြက သူ့ဘာသာသူပြောပြီး သဘောကျစွာပြုံး၏။

“တော်သေးတာပေါ့ . . ဟိုဂင်ပိတ်ထိပ်ဖူးမလွတ်တာကြီးဝတ်လာလို့ကတော့ ပွဲကြီးပွဲကောင်းပဲဟေ့ . . လှအေးတို့ ဘယ်လိုလုပ်မှာလဲလို့မြင်ယောင်သေး . . ဟင်း . . ဟင်း . . ”

ကားဆရာက သူနှင့်အတူ လိုက်ရယ်၏။

“အားလုံး ကိစ္စပြီးတဲ့အထိ ဟိုကောင်မအပြင်မထွက်သေးဘူး . . . အုတ်နံရံမှာထောင်ထားတဲ့ပိုက်တစ်ခုတွေ့တော့ ယူကြည့်သေးတယ် . . . စပ်စုချက်လေ . . စပ်စုချက် . . ”

“ပိုက်ကလည်း ပိုက်အဖြူလေး . . . ထိပ်မှာကလည်း ကော်

www.foreverspace.com.mm

ဖူးတော့ ခါတ်တွေဘာ တွေလိုက်မှာ လည်း ကြောက်ရသေးတာကိုး"

"ဒါနဲ့မရဲတရဲနဲ့ပဲ . . အသေအချာအနီးကပ်ကြည့်တယ် . . ဘာမှ မတွေ့ဘူး . . . ရေပ်ကောင်းဘူးလိုအပေါက်လေးပဲတွေ့ရတယ် နောက်မှ ပိုက်အကောက်ရဲ့နောက်က အဖုလေးတွေကိုမြင်တော့ . . အေး . . ဒါဘာလုပ်တာလဲမသိဘူးဆိုပြီး နှိပ်ကြည့်လိုက်တာ ရေက ဖရှူးဆိုပြီး မျက်နှာဆီပန်းထွက်လာတာ တစ်ကိုယ်လုံးကိုရွှဲသွားပါရောလား"

ကားဆရာထံမှ ရယ်သံကြားရ၏။

> တစ်ကိုယ်လုံးလည်း ရေတွေကရွှဲကုန် အပြင်ကလည်း ကြာလို့ဆိုပြီး တံခါးကို တဒုန်းဒုန်းထုနေ

"ဟ . . အဲဒီ့တော့မှ ကောင်မလည်း ဘယ်လိုလုပ်ရမှန်းမသိဖြစ်နေတော့တာပေါ့ . . . တစ်ကိုယ်လုံးလည်းရေတွေကရွှဲကုန် . . . အပြင်ကလည်းကြာလို့ဆိုပြီးတံခါးကိုတဒုန်းဒုန်းထုနေ . . . မထွက်လို့ကလည်းမဖြစ်တော့ဘူး . . . အဲဒါနဲ့ မထူးဘူးဆိုပြီး ကောင်မလည်းခပ်တည်တည်နဲ့ အပြင်ထွက်လိုက်တယ်"

အပြင်က လူတွေကလည်း

အိမ်သာထဲအကြာကြီးဝင်ပြီး ရေစိုကြီး နဲ့ပြန်ထွက်လာတဲ့လူအေးကို တအံ့ တသြဝိုင်းကြည့်နေကြတယ်။

"ဒါကိုလူအေးက ဘာပြောလဲသိလား . ."

"ပူတာနဲ့ . . . တစ်ခါတည်း ရေပါချိုးလာခဲ့တယ် . . . ပြတ်



ကရော"

ကားဆရာက ဟက်ဟက်ပက်ပက်ရယ်သည်။ ဘွားစမ်းမြက ဘေးဘီဝေ့ကြည့်ရင်း . . .

"ဟဲ့ . . ဟိုဟာ တမာပင်မဟုတ်လား . ."

ကားဆရာက ဘွားစမ်းမြပြရာလှမ်းကြည့်ပြီး . . .

"ဟုတ်တယ် . . ရေတမာ . ."

ဘွားစမ်းမြက ခေါင်းညိတ်သည်။

"ရေတမာ . . ဩော် . . တမာမြင်တော့ လှအေးအရင် ယောက္ခမဦးတောင်ကျော်ရဲ့အမေကိုတောင် သတိရမိသေး . . ဟဲ့ ကားဆရာ . . ဒါ သဗျိုင်းဝရောက်နေပြီမဟုတ်လား"

သူ့အမေးကို ကားဆရာက ခေါင်းညိတ်ရင်း . .

"အဝင်ဝတော့ရောက်ပြီ . . အထဲဝင်ရဦးမှာ . . အခုတော့ ရှေ့က ကားတွေပိတ်နေသေးလို့ . . ခဏစောင့်ရဦးမယ် . ."

"ဟော . . ဒီမှာလည်း တမာပင်ပဲဟေ့ . ."

ဘွားစမ်းမြက ကားဆရာသူ့စကားကိုနားထောင်လား မထောင်လားမသိ . . . ဆက်ပြော၏။

"တောင်ကျော်အမေ ဒေါ်သီးဘိုတို့အရင်အိမ်ရဲ့ခြံထဲမှာ လည်း အဲလိုပဲတမာပင်တစ်ပင်ရှိတယ်"

"အရင်အိမ်ဆိုတာ အခုအကွက်သစ် ရိုက်ပြီးမှရတဲ့အိမ် မဟုတ်ဘူးနော် . . ရွာဟောင်းတုန်းက အိမ် . . . တောင်ဘက်ပိုင်း မှာရှိတာ . ."

ကားဆရာကတော့ သူပြောတာသိလိမ့်မည်မထင်။ ဒါပေ သည့်ဘွားစမ်းမြက အသေ အချာရှင်းပြ၏။

"ခြံကြီးကိုက ဟီးထနေတာ . . အင်းလေ . . သူတို့က

www.foreverspace.com.mm



ရွာလူကြီးမျိုးရိုးတွေကိုး"

ကားက လမ်းရှင်းပြီမို့ တလိမ့်လိမ့်နှင့် ရှေ့ဆက်သည်။ ဘွားစမ်းမြက ကားသွားသည် မသွားသည်ကိုပင် သိပုံမပေါ် သူပြောချင် တာဆက်ပြော၏။

"ရွာလူကြီးကမှ ဂျပန်ခေတ်ကိုမီခဲ့ကြတာလေ . . . ဂျပန်ခေတ်မှာတော့ တောင်ကျော်အမေဒေါ်သီးဘိုက အရွယ်ကောင်းပေါ့"

"တစ်ခါတည်း ဒေါ်သီးဘိုရဲ့မိဘများစီးပွားရှာလိုက်တာ ဧရာမအိမ်ကြီးအပြင် ခြံကျယ်ကျယ်ကြီးလည်းပိုင်ပေါ့ . . . "

သူ့မျက်လုံးထဲမှာတင် ဦးတောင်ကျော်အမေ ဒေါ်သီးဘို ပိုင်ခဲ့တဲ့ခြံကြီးကို မြင်ယောင်နေတဲ့အတိုင်း အကျယ်ကြီးကိုငေးနေ၏။

"အဲ . . ဒေါ်သီးဘိုမိဘတွေလည်း ဆုံးပြီး ဒေါ်သီးဘိုတစ်ယောက်တည်းကျန်ချိန် . . . သူ့သား တောကျော်နဲ့တောင်ကျော်နှစ်ယောက်လည်း လူလားမြောက်ချိန်မှ ပြဿနာတက်တော့တာ. . . ဒါတွေကလည်း တောင်ကျော်ပြောမှကြားရတာ ဟုတ်မဟုတ်မသိပေါင်"

ဆိုကာဖြတ်ပြောလိုက်သေး၏။ ပြီးနောက် ဘွားစမ်းမြက အရှေ့ကြည့်လိုက်၊ အနောက်ကြည့်လိုက်လုပ်နေသေး၏။ ကားကချိုင့်အကြီးကြီးတစ်ခုကိုဖြတ်မောင်းသွားတာမြင်တော့ ဝမ်းသာအားရ ဖြင့် . . .

"အောင်မယ် . . မင်းကားက ချိုင့်ကြီးတစ်ခုလုံးကျော်လို့ရပါလားဟေ့. . ဒါပေမယ့်လုံအေးယောက္ခမ တောင်ကျော်တို့တူးခဲ့တဲ့ချိုင့်ကြီးတော့ ကျော်နိုင်မယ်မထင်ပေါင်"

ဟုဆိုရင်း စကားကိုဆက်ပြန်သည်။ ကားကတော့ သချိုင်းဇရပ်နား တဖြည်းဖြည်းကပ်လာပြီ။

www.foreverspace.com.mm

"မှတ်မိသေးတယ် . . . အဲဒီ့တုန်းက တောင်ကျော်တို့လူပျို ပေါက် . . . သူ့အမေဒေါ်သီးဘိုလည်း အသက်ကြီးပြီ . . ဆယ့်ရှစ်နှစ် လားပဲ . . . လူကြီးရောဂါနဲ့အိပ်ရာထဲ ဆန့်ငင် ဆန့်ငင် . . . ဆွဲနေ ပြီ . . ."

"ဒေါ်သီးဘိုရထားတဲ့ အမွေတွေကလည်းနည်းမှမနည်းခဲ့ပဲ ကိုး . . . ဒါကိုတောင်ကျော်တို့ . . . တောကျော်တို့က ကြားသာကြား ဖူးတာ. . . မမြင်ဖူးဘူး. . . သူတို့အမေဒေါ်သီးဘို. . . ဒီခြံကြီးထဲ မှာမြှုပ်ထားတယ်ဆိုပြီးရေးတေးတေးသာသိတယ်. . . ဒါပေမယ့် ဘယ်နေရာမြှုပ်ခဲ့တယ်ဆိုတာမသိဘူး. . . ဒေါ်သီးဘိုကရတနာတွေ မြှုပ်ပြီး တစ်သက်လုံးဆင်းရဲချင်ယောင်ဆောင်နေတာဆိုပဲ. . . ဥစ္စာ စောက်တာနေမှာပေါ့ . ."

ကားက ရပ်မည့်နေရာရောက်ခါနီးမှ တစ်ဖက်မှအထွက် ကားတန်းကြောင့် ခေတ္တရပ်ထားရသေး၏။

"ဒေါ်သီးဘိုကလည်း သေတော့မယ်. . . မောနေပြီ. . . တောကျော်တို့တောင်ကျော်တို့ကလည်း သူ့အမေသာသေသွားရင် သူ တို့အမေဒေါ်သီးဘို မြှုပ်ထားတဲ့အမွေတွေမရမှာစိုးလို့ သေခါနီးအ တင်းမေးတာပေါ့ . ."

"အဲ . . မေးတယ်ဆိုတာကလည်း ဒီအတိုင်းအတည့်ကြီး မမေးရဲဘူး. . . သူတို့ငယ်ငယ်ထဲကဒေါ်သီးဘိုက ဒီအမွေတွေအ ကြောင်းမေးလိုက်ရင် အရမ်းဒေါသထွက်ပြီး ထရိုက်တာကိုး. . . အခု လည်း အမွေလို့တည့်တည့်မေးလိုက်ရင် သူ့အမေသေခါနီးကြီး တက် သေမှာစိုးရတာပေါ့ . . . ဒါ့ကြောင့် တစ်ဖက်လှည့်နဲ့မေးရတာ"

ကားလမ်းရှင်းပြီမို့ ကားတန်းကဖြည်းညင်းစွာ ပြန်ထွက်ခွာ နေပြီ။ ဘွားစမ်းမြစကားက မဆုံးသေး . .။

www.foreverspace.com.mm

"အမေ . . အမေလည်းဆုံးခါနီးပြီ . . အမေ့မှာတစ်သက်လုံးလျှို့ဝှက်လာတာရှိလိမ့်မယ် . . . အဲဒါပြောပြပါလား"

"ဆိုတော့ဒေါ်သီးဘိုက မျက်ရည်တွေကျပြီးခေါင်းညိတ်တယ် . . . သူ့ခမျာစကားမှကောင်းကောင်းမပြောနိုင်တော့တာ"

"ဒါနဲ့ပဲ ခုနရေတမာပင်ကြီးလေ . . လမ်းမှာတွေ့ခဲ့တဲ့ ရေတမာပင်ကြီး . . အဲ . . အဲလိုရေတမာပင်ကြီးကို လက်ညှိုးထိုးပြီး လက်နှစ်ချောင်းထောင်ပြတယ်"

"ဟိုညီအစ်ကိုနှစ်ယောက်လည်း ရတနာတွေရပြီဆိုပြီး ချက်ချင်းခြံထဲဆင်းပြေးပြီး တမာပင်အောက်တူးကြတာကလား . . . သူ့အမေကိုယ်တိုင်မျက်ရည်တွေနဲ့ လက်နှစ်ချောင်းထောင်ပြတော့ ရတနာအိုး နှစ်အိုးရှိမှာသေချာပြီလေ . ."

"ဒါပေမယ့် . . . တမာပင်အောက်သာအမြစ်တွေပြတ်ပြီး ချိုင့်ခွက်ကြီးဖြစ်သွားတာ ရတနာအိုးကမတွေ့ဘူး . . ."

"ဒါနဲ့ပဲ အားမလိုအားမနဲ့ သူ့အမေဆီပြန်လာကြတယ် . . ကားဆရာ . . . ရောက်ပြီမှတ်တယ်"

ဘွားစမ်းမြက စကားစဖြတ်ရင်းပြောသည်။

သူ့အမေးကို ကားဆရာက . . .

"ဒီမှာ ရပ်လို့မရဘူး . . ဟိုဘက်ကိုပတ်ရဦးမှာ . . . ရပ်ရမှာက ဟိုဘက်မှာ . ."

ကားဆရာ၏အဖြေနှင့်အတူ ကားကလေးက သုသာန်ဇရပ်ကိုပတ်သွားသည်။ ဒါကိုဘွားစမ်းမြက . . .

"ဩော် . . နေရာကိုသိနေပြီးမှ ရှာနေတာဆိုတော့ တောင်ကျော်တို့ညီအစ်ကိုနဲ့တောင်တူသေး . ."

ဟု ဆိုရင်းမပြီးနိုင်သေးသော ဇာတ်လမ်းကိုပြန်ဆက်ပြန်

www.foreverspace.com.mm

သည်။

"ဒီလိုနဲ့ ရေတမာပင်အောက် ရတနာတွေမတွေ့တာနဲ့ သူတို့အမေ ဒေါ်သီးဘိုဆီ ချေးတလုံးလုံးနဲ့ပြန် သွားတာပေါ့"

"အမေ . . အမေလည်း ဆုံး ခါနီးပြီ . . အမေ့ရဲ့လျှို့ဝှက်ချက်တွေ လွတ်လွတ်လပ်လပ်သာပြော . . ဘာ မှ အားမနာနဲ့ဆိုတော့ ဒေါ်သီးဘိုကြီး မျက်ရည်ကျပြန်တယ် . . . ပြီးတော့ အိမ်ခေါင်းရင်းက သူအမြဲထိုင်နေကျ ကွပ်ပျစ်ကိုလက်ညှိုးထိုးပြပြန်တယ် ပြီးတော့ လက်ညှိုးသုံးချောင်းထောင် ပြတယ်"

"အဲ . . ဒီတစ်ခါတော့ သေ ချာပြီပေါ့ . . . ဘာလို့လဲဆိုတော့ အဲဒီ ကွပ်ပျစ်ကလေးမှာ ဒေါ်သီးဘိုက တစ် သက်လုံး လွမ်းလွမ်းဆွေးဆွေးနဲ့ထိုင် သွားတာကိုး . . . ရောဂါနဲ့အိပ်ရာထဲ မလဲခင်အထိဆိုပါတော့"

"ညီအစ်ကိုနှစ်ယောက် လည်းချက်ခြင်းပဲ ကွပ်ပျစ်ကြီးလှန်ပြီး တူးကြတာ လက်သုံးချောင်းဆိုတော့ ရတနာအိုးသုံးအိုးပေါ့ ချေးသံ တရွှဲရွှဲ

> လက်သုံးချောင်းဆိုတော့ ရတနာအိုး သုံးအိုးပေါ့ . . . ချေးသံတရွှဲရွှဲနဲ့ အသားကုန်တူးတာပဲ

www.foreverspace.com.mm

နဲ့အသားကုန်တူးတာပဲ"

"နေသာကုန်သွားတယ် . . ဘာမှမတွေ့ပြန်ဘူး . . . ဒါနဲ့ ညီ အစ်ကိုနှစ်ယောက် စိတ်လည်းပျက် . . ချွေးတွေလည်း ထွက်ပြီး ပြန်ရောက်လာတယ် . . . ပြီးတော့ မျှော်နေတဲ့သူတို့အမေကို မရဲတရဲ လှုပ်နှိုးပြီး . . . အမေ . . ဘာမှမြှုပ်မထားနဲ့ . . လျှို့ဝှက်ထားတဲ့နေရာ တစ် နေရာတော့ကျန်ဦးမယ် . . . အဲဒီ့နေရာလေးပြောပြပါလားဟင် . . . "

"ဆိုတော့ဒေါ်သီးဘိုက မျက်ရည်ကြားကခေါင်းညိတ်ပြီး အိမ်နောက်ဖေးရေချိုးစင်ကို လက်ညှိုးထိုးပြီး လက်နှစ်ချောင်းထောင် ပြပြန်တယ်"

"ဟို ညီအစ်ကိုနှစ်ယောက်လည်း ဒီတစ်ခါတော့အပိုင်ပဲဆို ပြီး ရေချိုးစင်ကြီးလှန်ပြီးတူးကြပြန်တယ် . . . အောင်မာ . . . ရတနာ အိုးကနှစ်လုံးဆို တစ်ယောက်တစ်လုံးခွဲယူကြမှာပေါ့ . . . ဒါပေမယ့် အချိန်တွေသာကုန်သွားတယ်မတွေ့ပြန်ဘူး . . . လူလည်းဖတ်ဖတ် မောနေပြီ"

"ဒါနဲ့အိမ်ပေါ်ပြန်တက်ပြီး သူတို့အမေကိုမေးပြန်တယ် ဒေါ်သတော့နည်းနည်းထွက်နေကြပြီ . . . "

"အမေ . . . အမေပြတဲ့နေရာမှာ ဘာမှလည်းမရှိဘူး . . . အမေလျှို့ဝှက်ထားတာဘာလဲ . . . ပေါ့နော်"

သူ့စကားမဆုံးခင်မှာပင် . . .

"အမေရေ . . ရောက်ပြီဆင်းတော့လေ . . . မဆင်းသေး ဘူးလား"

ဆိုသော သူ့သမီးသန်းရှိအသံကြားမှ ဘွားစမ်းမြလည်း

သတိရပြီး . . .

"ဟင် . . ရောက်ပြီလား . . သိပေါင်တော် . . ကားကငြိမ့် ကငြိမ့်သနဲ့လိုက်လာတာ. . . ကားဆရာ တံခါးဖွင့်ပေးပါဦး . . ကျုပ် ကမဖွင့်တတ်လို့"

ဆို၍ ကားပေါ်မှဆင်းရန်ပြင်တော့ ကားဆရာကတံခါးကို ဖွင့်ပေး၏။

"ကျေးဇူးပါပဲကွယ် နောက်တစ်ခါကြုံလည်း မင်းကားလိုက် စီးဦးမယ် . . ."

ဟုဆို၍ ဆင်းသွားသည်။ ထိုတော့မှကားဆရာလည်း ဘွား စမ်းမြ၏ဇာတ်လမ်းကမဆုံးသေး၍မချင့်မရဲနှင့် ကမန်းကတမ်းလှမ်း မေးသည်။

"အဘွား . . ဟိုလေ . . ဦးတောင်ကျော်တို့အမေ ဒေါ်သီး ဘိုပြတဲ့နေရာနဲ့ အဲဒီ့ဒေါ်သီးဘိုရဲ့လျှို့ဝှက်ချက်က ဘာလဲ . . နောက် ဒေါ်သီးဘိုက ဘာပြောသေးလဲ"

ဘွားစမ်းမြ ကားအောက်ရောက်မှမေးလိုက်သည်။ ကား ဆရာအမေးကြောင့် ခြေလှမ်းတန့်သွား၏။ နောက် မျက်မှောင်ကြုတ် သွား၏။

"အေး . . မင်းလိုအမေးမျိုး ဦးတောင်ကျော်တို့ကလည်း မေးတာပါပဲ"

"ဘာတဲ့လဲ ဟင် . . ဘာတဲ့လဲ . . သူ့လျှို့ဝှက်ချက်က ဘာတဲ့ လဲ . . ဒေါ်သီးဘို ဘာပြန်ပြောသွားသေးလဲ"

ကားဆရာက သိလိုစိတ်ဖြင့်တရစပ်မေး၏။ ဒါကို ဘွား စမ်းမြက ကားဆရာဘက်လှည့်ပြီး . . .

"ဒေါ်သီးဘိုက . . . သတိလွတ်တစ်ချက်မလွတ်တစ်ချက်နဲ့

ဗလုံးပထွေးပြောသွားတယ် . . . မျက်ရည်တွေလည်းကျလို့ . . . ငယ်နုစဉ်ကမျိုးသိပ်လာခဲ့ရတဲ့ဘဝကို လွမ်းဆွတ်တမ်းတနေလားမှမသိတာ . . . အင်း . . . ဘာတဲ့ . . . အမေ့ကို ဂျပန်တွေ မုဒိမ်းကျင့်ခဲ့တဲ့နေရာတွေပြတာပါကွယ် . . ဒါအမေ့ရဲ့ တစ်သက်လုံး လျှို့ဝှက်ချက်ပဲတဲ့ . . . လက်ထောင်ပြတာက အကြိမ်ရေလား အရေအတွက်လား မသိပါဘူး . . . ဦးတောင်ကျော်ပြောတာပဲ . . . "

ဟုဖြေပြီးသည်နှင့် သူ့သားတင်မောင်၏အခေါင်းနောက် လမ်းလျှောက်လိုက်ကာ . . .

"သွားတော့ တင်မောင်ရေ . . သွားတော့ . . လူ့ဘဝမှာ ကိုယ်လိုချင်တဲ့ မိန်းမလည်းရ . . . ကိုယ်သောက်ချင်တဲ့ အရက်လည်း တဝသောက်ပြီး သေလိုက်တဲ့မင်းဘဝပဲကောင်းပါတယ် . . . နင်သေတော့ငါလည်းမငိုဘူး . . . နင့်အစ်ကိုလည်းမငိုဘူး . . နင့်ညီမလည်း မငိုဘူး . . . ဟိုကောင်မ လှအေးသာ . . . "

"နင့် သားတွေအတွက်တော့ မပူနဲ့ . . လှအေးနောက်လင်ယူရင် နောက်လင်လုပ်ကျွေးလိမ့်မယ်"

www.foreverspace.com.mm

ဝေနိ ရောင်က ဆိပ်ဖလူးပင်ကိုင်းဖျားတချို့ကိုနမ်းရှိုက်နေပြီ။ လေတိုက်၍ သစ်ပင်လှုပ်လိုက်တိုင်း သူမ၏ကျောပြင်ကို နေရောင်ခနေပြီ။

"ဒီဘက် နည်းနည်းရွှေ့လေ ပူမှာပေါ့"

သူမဘာမှ ပြန်မပြော . . နေရာလည်းမရွှေ့။

"ရွှေ့လို့ပြောနေတယ် မဟုတ်လား"

သူမ ဘာမှပြန်မပြော။ တစ်

ဖက်သို့လှည့်သွား၏။ အတော်ကလေးကြာမှ တကယ်ပူမှန်းသိမှ နေရာရွှေ့လာ၏။ ပြီးနောက်အကြောင်းမဲ့သစ်ပင်ပေါ် မော့ကြည့်ရင်း

"ဒီမာလကာသီးတွေကြီးလား"

ဟု မဆီမဆိုင်မေး၏။

"ကြီးတာပေါ့ . . အဲ . . ဒါပေမယ့် ဒီရာသီမှာတော့ မဟုတ်ဘူး . . . ဆောင်းဦးပေါက်လောက်မှကြီးတာ . ."

ဒီတစ်ခါတော့ သူမခေါင်းညိတ်၏။ ကျွန်တော်က သူ့ကိုငေးကြည့်ရင်း . .

"အခု အဖေနဲ့နေလား . . . အမေနဲ့နေလား"

သူကျွန်တော့်ကို စိတ်မရှည်ဟန်နှင့်ဖျတ်ခနဲ ဝေ့ကြည့်ပြီး

"အမေက မန္တလေးမှာပါဆို . ."

"ဪ . . ဟုတ်သား"

"ပြောထားရင် ဘာမှမမှတ်မိဘူး"

သူမ ကျွန်တော့်ကိုအပြစ်တင်ပါသည်။ ကျွန်တော်ရယ်၍သာနေလိုက်သည်။ မှတ်ဉာဏ်မကောင်းတာ ဘယ်လိုမှပြုပြင်၍မရ။

"အခု . . ဘယ်လိုလုပ်ရင်ကောင်းမလဲ . . အမေ့ကို သွားပြန်ခေါ်မှလားပဲ"

ကျွန်တော် ဘာမှပြန်မဖြေမိ။ သူမကိုလည်း တစ်ယောက်တည်းခရီးဝေးမသွားစေချင် . .။ ထို့ကြောင့် . . .

"ဘာကြောင့် အမေ့ကိုသွားပြန်ခေါ်ချင်ရတာလဲ"

သူမကျွန်တော့်ကို ပြန်ဝေ့ကြည့်သည်။

"အခု ကိစ္စအဖေမှားတယ် ထင်တာပဲ"

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိသည်။

"မဟုတ်သေးဘူးနော် . . ညီမလေး . . . ပြဿနာတစ်ခု

မှာ ရှုထောင့်တစ်ခုတည်းက တရား သေမြင်ပြီး ကောက်ချက်ချလို့မရဘူး . . ရှုထောင့်ပေါင်းစုံက ကြည့်ပြီးမှ ဘယ်သူမှန်တယ်. . ဘယ်သူမှားတယ်"

"ဪ . . ပြဿနာတစ်ခု ဖြစ်ပါတယ်ဆိုမှ ဘာကြောင့်ဖြစ်တယ် ဆိုတာကိုယ်မြင်နေရပြီပဲ . . . အပင် ပန်းခံပြီး ဘာလို့ထောင့်ပေါင်းစုံက ပြန် ကြည့်နေရမှာလဲ . ."

"ဆိုလိုတာက အမြင်ချင်းမ တူနိုင်ဘူးလေကွာ . . . ကိုယ်မြင်တာ ကတစ်မျိုး . . သူ့ဘက်ကမြင်တာကြုံ နေရတာကတစ်မျိုးဖြစ်ချင်ဖြစ်မှာပေါ့ အကြောင်းရှိမှအကျိုးဖြစ် လာသလို အကျိုးဖြစ်လို့ အကြောင်းကမြောက် မြားစွာရှိမှာပဲ . . ဒါကြောင့်ပြဿနာ ရဲ့ အရင်းအမြစ်ကိုတည်ပြီး ထောင့် ပေါင်းစုံက ကြည့်ဖို့လိုတယ်လို့ပြော တာ"

**ပြဿနာကတစ်ခုတည်း ဘယ်လိုထောင့်ပေါင်းစုံက ကြည့်မှာလဲ . . ကဲ . . .ရှင်းပါဦး**

"ပြဿနာကတစ်ခုတည်း ဘယ်လိုထောင့်ပေါင်းစုံကကြည့်မှာလဲ . . ကဲ . . ရှင်းပါဦး"

ကျွန်တော် သက်ပြင်းချလိုက် မိသည်။ ပြဿနာတစ်ခုကိုထောင့်

ပေါင်းစုံကမြင်တတ်သောအကျင့် သူမမှာမရှိသေး။ ထို့ကြောင့် တစ်ခုခုဖြစ်တိုင်း အဆိုးဆုံးအခြေအနေအပေါ်သာ သုံးသပ်နေခြင်းပင်ဖြစ်သည်။

သစ်ပင်တစ်ပင်မြင်ပါက ပင်စည်နှင့် မည်သို့အကိုင်းအခက်ထွက်လာသည်ကိုစဉ်းစားတတ်၍၊ အကိုင်းအခက်နှင့် ပင်စည်ဆက်စပ်ပုံကို သူမမစဉ်းစားမိခြင်းသာဖြစ်ပေလိမ့်မည်။

အမှန်တော့ ဘယ်အရာမှာမဆို ရှုထောင့်ပေါင်းများစွာကယှဉ်တွဲစဉ်းစားတတ်ရပေလိမ့်မည်။ ကျွန်တော်ဆိုရင်ရော . . .

ခေါင်းမော့ကြည့်မိသည်။

နေကတော့ မြင့်နေပြီ . . .

● ● ●

www.foreverspace.com.mm

နေ ကတော့ မြင့်နေပြီ။

ဘွားစမ်းမြတို့အိမ်ခေါင်မိုး ကြားမှနေ၍ နေရောင်အိမ်ထဲထိ မရောက်ရောက်အောင် တိုးဝင်လာသည်။ ဘွားစမ်းမြရဲ့စကားဝိုင်းက လူစည်ကားနေပြီ။

"ဒီလို . . မသေးရဲ့ . . အဲဒီနေ့မှာ . . ငါကဆုံးသွားတဲ့ တင်မောင့်သမီးပုစုးမနဲ့ သန်းရီသမီးကျောက်ပေါက်တို့ ကစားနေတာကို ထိုင်ကြည့်နေတာ. . . နေကလည်းသာတော့

ကလေးနှစ်ကောင် လမ်းမှာဆော့ပါစေပေါ့နော် . . သန်းရီကလည်း အနောက်မှာပြောင်းဖူးပြုတ်နေတော့မအားဘူးပေါ့ . . အဲဒါနဲ့ ကလေးနှစ်ကောင်ကို ငါပဲထိုင်ကြည့်နေရတာ . . . "

"မကြည့်လို့လည်းမဖြစ်ဘူး . . သန်းရီသမီးကျောက်ပေါက်က လူသာငယ်တာ. . . လူလစ်တာနဲ့ ပူစူးမကိုအနိုင်ကျင့်တော့တာပဲ. . . ခါတိုင်းဆို တင်မောင့်သားအကြီးကောင် ပလာတူးနဲ့လွှတ်ထားလို့ရရဲ့ . . . ဒီနေ့မှ ပလာတူးကလည်းမရှိ . . သူ့အမေ လှအေးအိမ်သွားတယ်ဆိုလား. . . သူ့အဖေတင်မောင် အလုပ်ထမင်းချက်ရှိလို့လိုက်သွားတယ်ဆိုလား . . . တင်မောင်ကတော့ သူ့ယောက်မကြီး

## ရိုးရိုးပြောလည်းရပါတယ်



တော်ဝင်မိုးမှစာအုပ်တိုက်

ခါးထိုးသွားလေရဲ့ . . . အဲဒီ့လိုအဖြစ်က . . "

"ဟဲ့ . . နေ့ခင်းလောက်ကျတော့ လမ်းပေါ်မှာလူတစ်ယောက်ယိုင်ထိုးယိုင်ထိုးနဲ့ လမ်းလျှောက်လာပါလေရော့လား . . ငါကလည်း မျက်လုံးမကောင်းတော့ သဲသဲကွဲကွဲကိုမမြင်ရဘူး . . အနားရောက်မှ . . လား . . လား မောင်တင်မောင်အစောကြီးမူးပြီး ပြန်လာတာလေ . . ပါးစပ်ကလည်း . . အယုတ္တအနတ္တတွေ ဆဲလာတာ . . . သူ့အနောက်မှာလည်း သူ့သားပလာတူးက ခေါင်းငိုက်စိုက်နဲ့ လိုက်လာတယ်"

"အိမ်ရှေ့လည်းရောက်ရော . . ငါက . . ဟဲ့ . . . သူတောင်း



www.foreverspace.com.mm



စားလေး နင်အစောကြီးမူးလာပြန်ပြီလား . . . ဘာဖြစ်လို့ အယုတ္တ အနတ္တတွေဆဲလာတာလဲ . . ပါးစပ်က စည်းကမ်းကိုမရှိဘူး. . . နင့် ယောက်မရော . . ."

"ဆိုတော့ မောင်တင်မောင်က ယောက်မက ဘပေတို့ အရက်ပုန်းဆိုင်မှာကျန်ခဲ့ပြီ . . ဆိုပြီး . . ."

"အမေ့ချွေးမ လှအေးပေါ့ . . . ကျွန်တော်အိမ်ပြန်ထမင်း စားတဲ့ဟာကို နင့်ဖို့မချက်ထားဘူး. . . နင်ရှာထားတာ ဘယ်နှပြား ရှိလို့လဲဆိုပြီး ကျောက်ပြင်နဲ့ကောက်ထုလို့ ဒီဘက်ထွက်လာတာ. . . ဗိုက်ဆာလို့ပါအမေရာ. . . ထမင်းလေး. . . ဘာလေးရှိရင် ကျွေး စမ်းပါ"

"သူ့စကားကြားတော့ ငါလည်းသနားလည်းသနား. . ဒေါသ လည်းထွက်ပြီး . . ."

"ဟဲ့သေနာကျလေး . . မိန်းမရလို့ ကလေးနှစ်ယောက် လည်းရနေပြီ . . . ဟင် . . အခုအချိန်ထိ ကိုယ်တိုင်လက်ကြောတင်း အောင်မလုပ်ဘဲ အိမ်ကပ်စားနေချင်တုန်းပဲ . . ဟင် . . ဟိုကလုပ် ထည့်လိုက်တာတောင်နည်းသေး . . စားချင်ရင် မီးဖိုထဲမှာ နင့်ညီမ ရှိတယ်. . . သူ့သွားပြော . . သူကျွေးရင်စား . . သူမကျွေးရင်အငတ် နေ"

ဆိုပြီး သူ့သားပလာတူးကိုပါ . . .

"ဟဲ့. . ဟိုကောင်လေးရောစားပြီးပြီလား. . မစားရသေး ရင်နင့်ဒေါ်ဒေါ်ကိုပြောပြီး ဝင်စားချည်ဆိုတော့မှ နှစ်ယောက်သား ဝင်သွားကြတာ"

"နောက် . . မီးဖိုထဲသန်းရီနဲ့ ဘာတွေပြောကြလဲမသိပါ ဘူး. . . အဲဒီမှာထမင်းစားပြီး ပလာတူးကပြန်ထွက်လာတယ်. . .

www.foreverspace.com.mm

မောင်တင်မောင်က . . . "

"အမေ . . ကျွန်တော်အိပ်ချင်လို့ ဒီမှာပဲခဏအိပ်မယ်. . . အိမ်ပြန်နေရင် ဟိုကောင်မနဲ့အိပ်လို့ရမှာမဟုတ်ဘူး ဆိုပြီးပြော တယ်. . ငါကလည်းဒေါသထွက်ပြီး . . . "

"အိပ်ရုံတင်မကဘူး. . . ဒီမှာပဲ သေချင်လည်းလဲသာသေ ဆိုပြီးပြန်ပြောလိုက်သေးတယ်"

"ပါးစပ်များစီးသလား မသိပါဘူးမိသေးရယ်. . . အိပ်ပြီး အတော် ကြာတဲ့အထိ ပြန်မထလို့သွားနှိုးကြည့်တော့သေနေပြီ. . . အဲဒါနဲ့ ငါလည်းလန့်ပြီး နောက်ဖေးမှာရှိတဲ့ သန်းရီကိုအော်ခေါ်လိုက် ရရော"

• • •

ရေနွေးကရားတစ်အိုး၊ ရေနွေးကြမ်းခွက်လေးငါးခွက်နှင့် ဆီမပါသောလက်ဖက်ပန်းကန်တစ်ခုနား လူများဝိုင်းထိုင်နေကြသည်။ လက်ဖက်ခွက်ကိုလည်း ဟိုလူအရင်စနှိုက်နိုး၊ ဒီလူစနှိုက်နိုးနှင့်ပြုံးကြည့်နေကြ၏။ အတန်ကြာမှတစ်ရွာလုံးအော်တာရုပ်ဟုခေါ်သော အပ်တာလျော့သော မိသေးမှလက်ဖက်ခွက်ကိုနှိုက်ရန်ပြင်လိုက်ချိန်မှဘွားစမ်းမြသမီးအငယ် မသန်းရီက စကားစ၏။

www.foreverspace.com.mm

"ဒီလို မသေးရဲ့ . . "

ဒေါ်တာရှပ်ခေါ် မိသေး၏လက်က လက်ဖက်ပန်းကန်မရောက်ဘဲ လေထဲတွင်တွန့်သွား၏။

"အဲဒီနေ့က ကျုပ်ကလည်း ထမင်းဟင်းချက်ပြီး မင်္ဂလာဈေးရှေ့မှာ ဈေးပေါလို့ဝယ်ခဲ့တဲ့ ပြောင်းဖူးတွေထိုင်ပြုတ်နေတာ. . . ပြောင်းဖူးက ဝယ်ခဲ့တုန်းကတစ်ရာဖိုးငါးဖူး. . . တစ်ဖူးနှစ်ဆယ်ပေါ့ ကိုယ်ပြုတ်ပြီးပြန်ရောင်းရင် အနည်းဆုံးတစ်ဖူးငါးဆယ်ရမယ်ဆိုတော့ အသားတင်တစ်ဖူးသုံးဆယ်မြတ်မယ်ဆိုပြီးပျော်နေတာ"

"ဒါနဲ့ ကျောက်ပေါက်နဲ့ပူဖူးကို အမေရေ. . အမေပဲ ခဏထိန်းထားနှင့် ကျွန်မပြောင်းဖူးပြုတ်လိုက်ဦးမယ်ဆိုပြီး အမေ့ကို ကလေးထိန်းခိုင်းထားရတာ"

"ဝယ်လာတာကလည်း အဖူးတစ်ရာဆိုတော့ မြွေရေခွံအိတ်တစ်အိတ်အပြည့်. . . အိုးကလည်းသေးတော့ဖြည်းဖြည်းချင်းပြုတ်နေရတာပေါ့. . ဒါကြောင့် ကလေးလည်းမကြည့်အားဘူး. . . အမေကလည်း ကလေးတွေလမ်း ပေါ်လွှတ်ထားတယ်. . . လွှတ်လွှတ်လပ်လပ်ဆော့ပါစေပေါ့. . . "

"အဲဒီအချိန်မှာမှ လမ်းပေါ်ကနေပြီး . . . သေချင်းဆိုးမ. . ကာလနာမ စသည့်ဖြင့်ဆဲဆိုသံကြားထဲက ထကိုမကြည့်ပါဘူး. . . အစ်ကို ကိုတင်မောင်အရက်မူးပြီး လူအေးနဲ့ရန်ဖြစ်ပြီး ဆဲလာမှန်းသိတယ် . . . ဖြစ်လည်းဖြစ်နေကျပါပဲ . . . "

"ထင်တဲ့အတိုင်းပဲ. . ကိုတင်မောင်ပဲ . . အိမ်ရှေ့မှာအမေနဲ့ဘာပြောကြမှန်းမသိဘူး. . . ပလာတူးအသံကြားတော့ ပလာတူးပါလာမှန်းတော့သိတယ်"

"သိပ်မကြာဘူး. . . ကိုတင်မောင် ယိုင်ထိုးယိုင်ထိုးနဲ့အိမ်

ပေါ်လာက်လာတယ်. . . သူ့နောက်မှာမှပလာတူးကမျက်နှာငယ်လေး နဲ့ပါလာတယ်. . . ကျွန်မကိုလည်းမြင်ရော . . . "

"ညီမ . . အစ်ကိုထမင်းမစားရသေးလို့ . . ထမင်းမစားရ တာနှစ်ရက်တောင်ရှိပြီ . . ဆိုပြီးလာပြောတယ်. . . ကျွန်မကလည်း အလုပ်ကလည်း ရှုပ်နေချိန် သူ့ကိုလည်းမူးမူးရူးရူးနဲ့တွေ့လိုက်ရတော့ စိတ်တိုပြီး. . . "

"နှစ်ရက်ရှိမှာပေါ့ . . မိုးလင်းကမိုးချုပ် ဒီအရည်တွေချည်း သောက်နေတာကိုး . . ဝတ်တာတောင်နည်းသေး. . . သွား . . ဒီမှာ အစ်ကိုတင်ဖေစားဖို့ထမင်းပဲကျန်တော့တယ်. . . စားချင်ရင် ကိုယ့် မိန်းမကို ကိုယ်ပြန်ချက်ခိုင်း . . . သွား . . "

"ဆိုတော့ကိုတင်မောင်ကဟီးခနဲငိုချပြီး . . ဟီး . . ငါ့မိန်းမ လုအေးကမကျွေးလို့ဒီရောက်လာတာပေါ့ . . ကောင်မ ငါ့ကိုနှိပ်စက် တယ် . . ဟီး ဟီး"

"ဆိုပြီး ပြောသေးတာ. . သူကိုယ်တိုင်ကလည်း ဘာမှလက် ကြောတင်းအောင်မလုပ်ဘဲနဲ့ . . ဒါနဲ့ပဲ ကျွန်မလည်းသနားပြီးထမင်း စားချင်ရင် ကိုတင်ဖေအတွက်ချန်ထားတာစားပစ်လိုက်တော့ ကျွန်မ ပြန်ချက်လိုက်မယ်. . . ဟဲ့ . . ပလာတူး နင်ရောစားပြီးပြီလား"

"ပလာတူးကိုလှမ်းမေးတော့ ပလာတူးကခေါင်းခါတယ်. . . ကျွန်မကလည်း မစားရသေးရင်လည်းနှစ်ယောက်မျှစားလိုက်. . . ထမင်းက တစ်ယောက်စာပဲရှိတော့တာဆိုတော့ ကိုတင်မောင်က တွေ ဝေသွားတယ်"

"တစ်ယောက်စာပဲ ရှိရင်လည်း ပလာတူးကိုပဲကျွေးလိုက် တော့ . . အဲ . . သန်းရီ ငါထမင်းမစားတော့ဘူး. . ငါ့ကို ပိုက်ဆံနှစ် ဆယ်ပဲပေးစမ်း"

"ဆိုပြီး လှမ်းတောင်းတယ် အဒီ့နှစ်ဆယ်ရရင် သူကထမင်းမစား ဘဲ ဟို အရည် သွားဆို့ဦးမှာလေ. . . သိတယ်မဟုတ်လား . . ဒေါ်သထွက်တာလေ . . ပြောမနေနဲ့ . . "

"ပိုက်ဆံနှစ်ဆယ်တော့ မပေးနိုင်ဘူး. . ထမင်းပဲမျှစားကြ. . ထမင်းမလောက်ရင် ပြောင်းဖူးပြုတ်တွေ အပင်းဆို့အောင်စားသွား. . တကတည်း စေတနာကိုမရှိဘူး"

"ဆိုမှ ထမင်းကိုစားရှာတယ် ထမင်းစားတော့လည်း သူစားတာနည်းနည်းပါ. . . အမည်ခံသား ပလာတူး ကိုပဲများများကျွေးတာ. . သူက ထမင်းနည်းနည်း. . . ပြောင်းဖူးပြုတ် နှစ်ဖူးလားမသိစားပြီး . . "

"သန်းရီ. . . ငါ့ဗိုက်ထဲက အောင့်လာသလိုပဲ . . အား . . ကျွတ်ကျွတ် . . တဲ့"

"ကျွန်မလည်း အလုပ်ရှုပ်နေတာနဲ့ . . "

"ဗိုက်အောင့်ရင် အိမ်ပေါ်မှာ ခဏသွားလှဲနေပါလား. . . ဒီမှာလာနေလို့ ဘာလုပ်ပေးရမလဲ . . . "

အဲဒီ့နှစ်ဆယ်ရရင်
သူကထမင်းမစားဘဲ
ဟိုအရည်သွားဆို့ဦးမှာလေ
သိတယ်မဟုတ်လား

www.foreverspace.com.mm

"ကျွန်မလည်း အော်မိတာပေါ့နော် . . စဉ်းစားကြည့်လေ ကျွန်မဒုက္ခက ပြောင်းဖူးပြုတ်ပြီးရင် သူတို့မျိုးဆိုလို့ကုန်သွားတဲ့ ထမင်းကို ကိုတင်ဖေအတွက်ပြန်ချက်ပေးရဦးမှာ . . ကိုတင်ဖေကလည်း သူအလုပ်ပြန်လာလို့မှထမင်းမစားရရင် ကမ္ဘာပျက်ပြီသာမှတ် . . ."

"ဘာကြာလို့လဲ . . ပြောင်းဖူးအားလုံးပြုတ်ပြီး တည်ထားတဲ့ ထမင်းအိုးဆူချိန်ကျမှ . . ."

"အမေက . . ဟဲ့ . . သန်းရီ . . သန်းရီ . . မောင်တင်မောင် ဘာဖြစ်တာလဲမသိဘူး"

"ဆိုတဲ့ အသံကြားတယ်. . . ကျွန်မလည်း ထမကြည့်နိုင်ပေါင်"

"အို. . ဘာဖြစ်ရမှာလဲ. . သူ့ဘာသာသူအရက်မူးပြီး သေနာကျနေတာနေမှာပေါ့ . . ဆိုမှ . . . အမေက"

"ဟဲ့ . . သေနာကျတာ ရိုးရိုးကျတာမဟုတ်ဘူး. . ပါးစပ်မှာလည်း အမြှုပ်တွေ သွေးတွေနဲ့ . . "

"ဟုတ်ပါ့ ကိုတင်မောင်ပါးစပ်မှာ အမြှုပ်တွေ သွေးတွေနဲ့"

"ဆိုမှ ကမန်းကတမ်းထကြည့်တော့ ကိုတင်မောင် . . ကိုတင်မောင် . . . ခေါ်ကြည့်တော့ . . ခေါ်လို့ မရတော့ဘူး . . ကိုတင်မောင် သေနေပြီ. . . အဲဒါနဲ့ သူ့မိန်းမလှအေးကို ကမန်းကတမ်း အကြောင်းကြားရတာ"

www.foreverspace.com.mm

အောက်ဘက်ကစားဝိုင်းမှ ဆူညံသောအသံတွေကြားနေရ၏။ တစ်ခုခုအတွက် ငြင်းခုန်နေတာဖြစ်မည်။ သည်လိုရပ်ကွက်ကလေးမျိုး၌ ဒီလိုကစားပွဲမျိုးကြုံပါကကြားနေကျ။

တစ်ကျပ်၊ တစ်ပဲအတွက်လည်း နပန်းလုံးချင်လုံးကြသေး။ အခုတော့ ခါတိုင်းထက်စာလျှင်ငြိမ်နေသည် ဟုပြောရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤရပ်ကွက်ကလေးမှမဟုတ်သော တင်ဖေ့အလုပ်

ရှင်ဖို့ ကားဆရာကလေး ဒိုင်ခံကစားနေ၍ဖြစ်သည်။

အိမ်လေးပေါ်မှလူများကတော့ ဘာမှမကျန်တော့သော လက်ဖက်ပန်းကန်နှင့်အေးစက်စက်ရေနွေးကို အဓိပ္ပါယ်မဲ့စွာငေး ကြည့်နေသည်။

"အဲဒီနေ့က . . အဟင့်"

ငိုသံစွက်နေသော မလှအေး၏အသံကြားရ၏။ အားလုံးက သူ့ကိုလှည့်ကြည့်သည်။

"အဲဒီနေ့ကကျွန်မကလည်း အိမ်ရှိတာလေးချက်ပြုတ်စား သောက်ပြီး အိမ်ကပြင်မှာထိုင်နေတုန်း ဘိန်းမုန့်ဖုတ်တဲ့ကိုအောင် သောင်းအိမ်ရှေ့ကဖြတ်သွားပြီး လှအေးရေ . . . တစ်ယောက်တည်း ဘာလုပ်နေတာလဲ . . . နင့်မောင်တင်မောင်ရောမတွေ့မိပါလား . . အလုပ်သွားတယ်ထင်ပါ့ . . . ဆိုတော့ကျွန်မလည်း ကိုတင်မောင် အကြောင်းစဉ်းစားမိပြီး သူလားအလုပ်သွားမှာ ဘယ်မှာသွားပြီးမူး ရူးနေမှန်းမသိဆိုတော့ ကိုအောင်သောင်းက မောင်တင်မောင်ဘဝနဲ့ သူတို့ဘဝကွာကြောင်း . . . သူကသားမယားကိုဘယ်လိုရှာကျွေး ကြောင်း . . . ကလေးတွေလည်း ဘယ်လောက်ဂရုစိုက်ကြောင်း . . . အလုပ်ကပြန်လာရင်တောင် ကလေးတွေနဲ့သူ့ဖို့ရခိုင်မုန့်တီ ဒါမှ မဟုတ် အာလူးကြော်ဝယ်လာပေးတတ်ကြောင်း စသည်ဖြင့် ချီးမွမ်း ခန်းတွေဖွင့်နေတာနဲ့ကျွန်မလည်း ဘာမှရှာမကျွေးဘဲတစ်နေကုန် မူးရူးနေတဲ့ ကိုတင်မောင့်မျက်နှာကြီး ပြေးပြေးမြင်ပြီး ဒေါသထွက်နေ တာ . . အဟင့်"

မလှအေးက မျက်ရည်ပင့်သုတ်လိုက်သေး၏။

"ကျွန်မမှာလည်း သူနဲ့ညားပြီးကတည်းက အဖေ့ဆီကရော ကိုဘချောဆီကပါရထားတဲ့ အမွေမြေကလေးတွေကို နည်းနည်း



www.foreverspace.com.mm

www.foreverspace.com.mm

နည်းနည်းခွဲရောင်းပြီးစားလာရတော အခုဆိုကုန်တောင်ကုန်နေပြီ"

"ဒါကိုတောင် သင်းကဘာမှမသိတတ်ဘူး အဟင့် . . တွေး ရင်း တွေးရင်းစိတ်နာနေတုန်းဖြုန်းဆို သင်းကအရက်တွေမူးပြီး ယိုင် ထိုးယိုင်ထိုးနဲ့ပြန်လာတာ. . . သူ့နောက်က ပလာတူးလေးပါလာတာ အိမ်ရှေ့နားလည်းရောက်ရော ပိုင်စိုးပိုင်နင်းနဲ့ . . ."

"ဟဲ့ ကောင်မ . . ဟဲ့ကောင်မလှအေး . . အိမ်မှာဘာချက် ထားလဲ . . ငါထမင်းဆာပြီ ထည့်ကျွေး . . တဲ့ . . . ကျွန်မလည်း ကိုအောင်သောင်းလည်း အိမ်ရှေ့မှာရပ်နေတုန်းဆိုတော့ "

"နင်ကဘာရှာပေးလို့ ဘာပိုက်ဆံပေးလို့ ငါက ဘာချက်ထား ရမှာလဲ . . သွား . . အိမ်မှာဘာမှမချက်ဘူး. . စားချင်ရင် နင့်အမေ အိမ်နင်ပြန်စား . . ."

"လို့ပြောလိုက်တယ်. . ဒါကိုသူက . . ."

"ပြောလိုက်ရင်ဒါမျိုးချည်းပဲ. . ငါ့ဖို့မချက်ရင် နင် ဘယ်လင် အတွက်ချက်ကျွေးနေတာလဲ . . တဲ့"

"ကျွန်မလည်း ဒေါသထွက်ပြီး . . ."

"ဟဲ့ အကောင် . . သေနာကျ . . နင်ကငါထမင်းချက်ရ လောက်အောင် ဘယ်နှပြားပေးထားလို့လဲ"

"ငါ့ဘာသာငါတောင် ဝမ်းဝအောင်မစားနိုင်တဲ့အထဲ . . နင့် ကိုတော့ မကျွေးနိုင်ဘူး. . . သွား . . ငါ့ရှေ့က မြန်မြန်ထွက်သွား ငါလုပ်မိတော့မယ် . ."

"ဆိုတော့ သူက . ."

"ကောင်မ . . နင်က ဘယ်လင်ငယ်အားကိုးနဲ့ ငါ့ကိုခံပက် နေတာလဲ . . နင်ကငါ့ကိုများအာခံလို့ . . ငါအခု ပါးတက်ချလိုက် မယ်တဲ့ . . ."

www.foreverspace.com.mm

"ကြည့်ဦး. . သူပြောတာလေ. . ကျွန်မလည်း ဒေါသမထိန်းနိုင်တော့ဘဲ . ."

"အေး . . နင်လိုအလေနတောရဲ့ ပါးအချတော့မခံဘူး . . ချခြင်းချငါပဲနင့်ကိုချမှာ . . ဆိုပြီးဘေးနားမှာရှိတဲ့ သနပ်ခါးကျောက်ပြင်ကြီးနဲ့ ပိုးဆိုလွှဲပေါက်လိုက်တာ . . ."

"အောင်မာ . . သင်းကအမူးပါးဗျ . . ကျောက်ပြင်ကိုတော့ မထိအောင်ရှောင်နိုင်သား. . ကျောက်ပြင်လည်း လွတ်သွားရော . ."

"ဟင် . . ကောင်မ နင်ကငါ့ပါးစပ်နဲ့ပြောတာကိုလက်ပါတယ်ဟုတ်လား. . . နင်လက်ပါရင် ငါလည်းလက်ပါပြီ . . သေဖို့သာပြင်"

"ဆိုပြီး အိမ်ပေါ်ပြေးတက်လာတာ. . မြန်လိုက်တာလှစ်ခနဲပဲ. . . မူးနေတယ်တောင်မထင်ရဘူး. . . ကျွန်မလည်း အိမ်ရှေ့ရေဇလား ဘေးထောင်ထားတဲ့ အဝတ်လျှော်တုတ်ကြီးပြေးဆွဲပြီး . . ."

"လာလေ. . သတ္တိရှိရင်လာခဲ့လေ . . ဆိုတော့ကိုတင်မောင်က အဝတ်လျှော်တုတ်ကြီးမြင်တော့ နည်းနည်းရှိန်သွားတယ်. . . ဝင်မလာတော့ဘူး"

"အဲဒါနဲ့ ကျွန်မက . . အေး . . နင်မလာရင်ငါလာပြီဆိုပြီး အဝတ်လျှော်တုတ်ဆွဲပြီး ပြေးလိုက်မှ . . ."

"အော်ပြီး သူ့အမေအိမ်ဘက် ပြေးပါလေရော . ."

မလှအေးက ပြောရင်း အတိတ်ကိုသတိရသွားဟန်နှင့် ငေးနေသည်။ နောက်အိမ်အောက်က ကစားဝိုင်းကိုချေကြည့်သည်။ ငွေပုံတစ်ထပ်ကြီးနှင့်ပြုံးနေသော ကားဆရာလေးကိုမြင်တော့ မရိုးမရွဖြစ်သွား၏။ သူ့ခမျာလည်း စိတ်လွတ် ကိုယ်လွတ်ကစားဝိုင်းသွားချင်နေပုံရ၏။ နောက်မှ မလုပ်ကောင်းဘူးထင်လို့လားမသိ။ မျက်နှာကို

www.foreverspace.com.mm

လွဲပြီး . . .

“ဒါတောင် ကိုတင်မောင်က ဝေးဝေးပြေးမသွားသေးဘဲ ခပ်လှမ်းလှမ်းကနေကျွန်မကို အော်ဆဲသေးတာ . . ဒါနဲ့ ကျွန်မလည်း . . .”

“ဟဲ့ ပလာတူး . . နင့်အဖေကိုနင်ခေါ်သွားစမ်း . . ကြာရင်ငါလက်လွန်မိတော့မယ်”

“ဆိုမှ ပလာတူးက သူ့အဖေကိုဆွဲခေါ်သွားတော့တာ”

“ပြီးတော့ ကျွန်မလည်းရေမိုးချိုးတာရေးတမောအိပ်ပြီးပြန်နိုးလာချိန်ကျမှ ပလာတူးကပြေးလာပြီး . .”

“အမေ . . အမေ . . အဖေဘာဖြစ်တာလဲမသိဘူး အဘွားခေါ်ခိုင်းလိုက်တာ . . တဲ့ . . .”

“အဲဒါနဲ့ ကျွန်မလည်း ခါတိုင်းလိုမှတ်ပြီး . . .”

“နင့်အဖေတင်မောင် အသက်ငင်နေတာဖြစ်မှာပေါ့ . . . ဆိုတော့ ပလာတူးက . . .”

“အသက်ငင်နေတာမဟုတ်ဘူး . . . သေသွားပြီတဲ့ . . . အဲဒီတော့မှကျွန်မလည်း . . .”

ဟဲ့ ပလာတူး . . .
နင့်အဖေကို နင်ခေါ်
သွားစမ်း ကြာရင်ငါ
လက်လွန်မိတော့မယ်

www.foreverspace.com.mm

"ဟင် . . သေပြီဟုတ်လား . . တကယ်လားဆိုပြီး . . ထဘီရင်လျားကြီးနဲ့ ဒီအိမ်ကိုဖိနပ်တောင်မပါဘဲပြေးလာတာ . . . ဒီရောက်တော့ ကိုတင်မောင်ကသေနေပြီ"

ဆိုကာ သူ့ယောကျ်ားကို ပြန်သတိရသွားရော့ထင့် . . .

"အောင်မလေး ကိုတင်မောင်ရဲ့ . . ရှင်လုပ်ခဲ့ကိုင်ခဲ့ပုံလေးကိုပြန်သတိရပါဦး . . ရှင်ကအစောကြီးသေသစ်လိုက်တော့ ကျွန်မကဘယ်သူ့အားကိုးပြီးနေရမှာလဲ . . ဟီး . ."

ဆိုပြီး ငြန်းစားကြီးငိုချလိုက်သည်။ မလှအေး၏ကျယ်လောင်သောငိုသံကြောင့် ဖဲဝိုင်းကိုမဲနေကြသော သူများအလန့်တကြားဖြင့်မလှအေးကိုလှည့်ကြည့်ကြသည်။

မလှအေးငိုသံက အခုမှလတ်လတ်ဆတ်ဆတ်ဆုံးသွားသောလင်ယောကျ်ားကိုသတိရ၍ ငိုသလိုမျိုး။ ဒါပေသည့်မျက်လုံးက ဖဲဝိုင်းမှာ . . .

www.foreverspace.com.mm

ကစားဝိုင်းက စည်ကားနေပြီ။ တစ်ကျပ်၊ နှစ်ကျပ်မှစ၍ ငါးကျပ်တစ်ဆယ် အထိဖြစ်နေပြီ။

ဝိုင်းကိုပင် နှစ်ဝိုင်းခွဲထားရပြီ။ လူကြီးဝိုင်းနှင့် လူငယ်ဝိုင်း။ လူငယ်ဝိုင်းမှာတော့ ကားဆရာကဒိုင်။ လူကြီးဝိုင်းတွင်တော့ ကိုတင်ဖေနှင့်နောက် လေးငါးယောက်သာ။ သူတို့ကတော့ လူစည်ကား အောင် တမင်ကစားပေးနေကြဟန်ရှိ၏။ သိပ်ပြီးစိတ်ပါလက်ပါမရှိလှကြ။

ကိုတင်ဖေက ဖဲချပ်တစ်ချပ်ကိုပစ်ချရင်း . . .

"အဲဒီနေ့ကဗျာ. . ဒီဘက်အပိုင်းမှာသာ ဘာမှမဖြစ်တာ. . ကျွန်တော်တို့ဆိုဒ်ဘက်မှာ မိုးတွေတစ်ပြိုက်နှစ်ပြိုက်ရွာလိုက်တော့ အလုပ်ကဆက်လုပ်လို့မရတော့ဘူး. . . အဲဒါနဲ့ ဘိလပ်မြေတွေကို မိုးလွတ်ရာအမြန်ရွှေ့ပြီး အလုပ်ကိုစောစောသိမ်းခဲ့ရတာ"

"နေလယ်နေ့ခင်းဆိုတော့ ကားကလည်းချောင်ပါ့ဗျာ. . . ခုံနေရာတောင်ရလို့ ကားပေါ်အိပ်လိုက်လာတာ. . ကားဂိတ်ရောက်တော့မှ . . ."

"ကိုတင်ဖေ. . . ကိုတင်ဖေ. . . ကားက ဂိတ်ဆုံးမှတ်တိုင်ရောက်နေပြီ ဆိုပြီးလာနှိုးမှရောက်နေမှန်းသိရတယ်"

"နေဦး . . ဘယ်သူလဲ စပယ်ယာက . . အောင်သွေး . . . အောင်သွေး. . ဟိုကောင်လေး"

ဆိုတော့ လူငယ်ပိုင်းတွင် ထိုင်နေသောစပယ်ယာအောင်သွေးက ခေါင်းထောင်လာပြီး . . .

"ဟုတ်တယ်လေ. . ကိုတင်ဖေကို ကျွန်တော်ပဲ နှိုးလိုက်တာ"

ဆိုပြီးပြန်ပြော၏။ထို့တော့မှ ကိုတင်ဖေက စကားကိုဆက်၍

"အေး . . အဲဒါနဲ့ ကျွန်တော်လည်းအိမ်ပြန်လာတာ လမ်းမှာ ခလုတ်တိုက်လို့ ခြေမပါကွဲသွားတယ်. . ဒီမှာကြည့်စမ်း . . ခြေမကြီး . . ."

ကိုတင်ဖေက ထိုနေ့တုန်းကခလုတ်တိုက်ခဲ့သည့် ဒဏ်ရာကိုပြသည်။ ခြေမကို လုံချည်စုတ်နှင့်ပတ်ထား၍ဒဏ်ရာက ဘယ်လောက်ကြီးသည်ကိုမသိရ။

"ကျွန်တော်က အဲဒီ့ထဲက ကျွန်တော်က နိမိတ်မကောင်းဘူးလို့ထင်မိသား . . ဒါပေမယ့်ဒီလောက်ထိဖြစ်မယ်မထင်ဘူးပေါ့နော်"

www.foreverspace.com.mm

"အဲဒါနဲ့ အိမ်ရှေ့ရောက်တော့လည်း ပလာတူးရယ်. . . ပူစူးရယ်. . . ကျောက်ပေါက်ရယ် ဆော့နေတာတွေ့တယ်. . . ကျွန်တော့်ကိုတွေ့တော့ ပူစူးကတောင် ဘဘပြန်လာပြီဆိုပြီးပြောသေး"

"အမေ့ကိုကြည့်တော့လည်း အမေက အိမ်ရှေ့မှာဆေးပေါ့လိပ်ကြီးဖွာပြီး ထိုင်နေတယ်. . . အိမ်ပေါ်တက်ခါနီးမှ အိမ်ထဲက လူအေးငိုသံကြားရတယ်"

"ထုံးစံအတိုင်း တင်မောင်နဲ့ရန်ဖြစ်ပြီး လူအေးက ငိုနေပြန်ပြီပေါ့ . . ဒီကောင်မက မောင်တင်မောင်မကောင်းကြောင်း အိမ်မှလာလာပြောပြီးငိုနေကျကိုး. . . အဲဒါနဲ့ပဲ . . . အမေ့ကို . ."

"အမေ . . ဟိုကောင်နဲ့ ဟိုကောင်မ ရန်ဖြစ်လာကြပြန်တာလား . . ."

"ဆိုတော့ အမေကဆေးပေါ့လိပ်ကြီးဖွာ. . မျက်နှာကိုမဲ့ရွဲ့ပြီး. . . ရန်ဖြစ်ချိန်တောင်မရပေါင်တော် . . တဲ့"

"ကျွန်တော်လည်း အမေ့စကားကြောင့် ထူးဆန်းသွားတယ်ဒါကြောင့် ဇဝေဇဝါနဲ့ပဲ. . ."

"ဘာဖြစ်လို့လဲ . . ဘာဖြစ်လို့ ရန်ဖြစ်ချိန်မရတာလဲ"

"ဆိုတော့မှ အမေက . . ."

"ဘာဖြစ်ရမှာလဲ . . နင့်ညီမောင်တင်မောင် သေပြီလေ"

"ကျွန်တော်လည်း မျက်လုံးပြူးပြီးအိမ်ပေါ်တက်ကြည့်တော့ ထဘီရင်လျားကြီးနဲ့ ငိုနေတဲ့လူအေးတွေ့ရတယ်. . မောင်တင်မောင်ကသေနေပြီ"

စကားဆုံးသည်နှင့် ကိုတင်ဖေက ဂွက်ဖဲတစ်ချပ်ပစ်ချလိုက်၏။

www.foreverspace.com.mm

လူကြီးဝိုင်းသိမ်းသွားတော့ ခုနကကိုတင်ဖေပစ်ချသွားသော ဖဲဖဲကို ပလာတူးကမြေးကောက်လိုက်သည်။ထိုဖဲနံပါတ်ကနှစ်ဖြစ်ပြီး အနက်ရောင်ဖြစ်ပါသည်။ ပလာတူးက အားလုံးမြင်အောင်လှန်ပြလိုက်သည်။

"အဲဒီနေ့က အဖေကသားကို . . ပလာတူးရေ . . အလျှုအိမ်မှာ ထမင်းချက်ရှိလို့လိုက်ခဲ့ကွ . . ဆိုပြီး ခေါ်သွားတာ"

www.foreverspace.com.mm

"အဖေအလျှော်ရှိရင် ထမင်းက အဝစားရတာကိုး. . . တစ်ခါတလေဆို စားမကုန်ရင်အိမ်ပြန်သယ်ခဲ့ရတယ်. . . ဟိုရောက်တော့ အလျှော်ရက်မှားနေလို့တဲ့. . သားလည်း ဘာမှမစားရဘဲ ယောက်မ ထမ်းပြန်ခဲ့ရတယ်"

"လမ်းထိပ်ရောက်တော့အဖေက ပလာတူးအဖေဘာပေတို့ဆိုင်ခဏဝင်လိုက်ဦးမယ်. . . ခဏစောင့်နော်ဆိုပြီး ဦးဘာပေတို့ဆိုင်ထဲဝင်သွားတယ်. . . ပြီးတော့အရက်တစ်ပိုင်းမှာပြီး ထိုင်သောက်နေတယ်. . . သားကတော့အရက်ဆိုင်ဝမှာပဲ ယောက်မကြီးကိုကိုင်ပြီး ထိုင်စောင့်နေတယ် . . . အဲဒီ့အချိန်မှာ သားတို့နဲ့ကစားဖက် မော်တုံးနဲ့ချက်မ ဂေါ်လီရိုက်ရင်းရန်ဖြစ်ပြီးထိုးနေကြတာ. . ဘယ်သူမှလည်း မဆွဲကြဘူး. . . ဒီအတိုင်းကြည့်နေကြတယ်. . . ဆိုင်ထဲမှာလည်း ဦးကွန်ငွေးရယ်. . ဘကြီးစိန်ပေါ်နဲ့နောက် နှစ်ယောက် သုံးယောက်လောက်ပဲရှိတယ် . . . နည်းနည်းကြာတော့အဖေက . . ."

"ပလာတူး ဗိုက်ဆာနေပြီလား ဆိုပြီးလှမ်းမေးတယ်. . သားကခေါင်းညိတ်ပြတော့ . . ."

"ရော့ . . ဒီမှာသံပုရာသီးတစ်စိပ်စားထားလိုက်လို့ပြောပြီး. . . သူအရက်နဲ့မြည်းနေတဲ့ သံပုရာသီးစိပ်ကိုဆားနဲ့တို့ပြီးပေးတယ်. . . သူ့စားပွဲပေါ်ကြည့်တော့ အရက်နောက်တစ်ပိုင်းဖြစ်နေပြီ"

"သားလည်း သံပုရာသီးစိပ်ကလေးကိုငုံပြီး ဆိုင်ရှေ့ပြန်ထွက်ထိုင်ပြီး မော်တုံးနဲ့ချက်မ ဂေါ်လီရိုက်တာကိုပြန်ကြည့်နေတယ် မော်တုံးနားထင်ကဖုနေပြီး ချက်မ မျက်စိတစ်ဖက်ညိုနေတယ်"

"ကြည့်နေ. . . ကြည့်နေရင်းနဲ့ သိပ်မကြာလိုက်ဘူး. . . ဆိုင်ထဲကဦးဘာပေ အဖေ့ကိုဆူနေတာကြားရတယ်"

www.foreverspace.com.mm

"ဟေ့ကောင် တင်မောင်တဲ့ . . မင်း ငါ့ဆိုင်မှာ . . အကြွေးသောက်တာများလှပြီ . . မင်းအကြွေးတွေ ဘယ်တော့ပြန်ဆပ်နိုင်မှာလဲ . . . အခု ငါအကြွေးထပ်မရောင်းတော့ဘူး . . တဲ့"

"အဖေကလည်း . . ."

"ကိုဘပေရာ . . တဲ့ . . . ကျွန်တော့်အကြွေး ကျွန်တော်ကြေအောင်ပြန်ဆပ်မှာပါ . . . အခုလည်းနောက်ထပ်နှစ်ဆယ်ဖိုးထဲ့"

"အဖေ့စကားကို ဦးဘပေက . . မလိုချင်ဘူး . . မင်းနောက်ထပ်လိုချင်ရင် မင်းယောက်မကြီးထားခဲ့ . . . ဆိုပြီး သားလက်ထဲကယောက်မကြီးကိုလာဆွဲသွားတယ်"

"အဖေက တောင်းပန်ပါတယ်ကိုဘပေရာ . . ကျုပ်ယောက်မ ကိုတော့မလုပ်ပါနဲ့ . . ကျုပ်က ဒါလေးနဲ့ပဲလုပ်စားနေတာဆိုတော့ကိုဘပေက . . ."

"ဟေ့ကောင် တင်မောင် . . ငါက မင်းယောက်မယူထားတာသိမ်းထားတယ်လို့ပဲသဘောထား . . မင်းအလျှုရှိတဲ့နေ့ကျရင် အချိန်မရွေးပြန်လာယူငါပြန်ပေးမယ် . . အေး . . ဒါပေမယ့် မင်းငါ့အကြွေးမဆပ်မချင်းတော့ ဒီယောက်မငါသိမ်းထားရမှာပဲ . . တဲ့ . . ဆိုင်ထဲကလူတွေက အဖေ့ကိုဝိုင်းရယ်ကြတယ်"

"တင်မောင်က ယောက်မကိုနတ်လိုကိုးကွယ်တဲ့ကောင် . . . အခု နတ်ကြိုက်တဲ့အရက်ကြောင့် ယောက်မကြီးပေါင်ရပြီ . . . ဟားဟား"

"အဖေကလည်း ဘာမှပြန်မပြောဘူး . . . ဦးဘပေချပေးတဲ့အရက်နှစ်ဆယ်ဖိုးသောက်ပြီး ပြန်ထွက်လာတယ် . . လူကလည်းယိုင်ထိုးယိုင်ထိုးဖြစ်နေပြီ . . . သားလည်းအဖေ့နောက်ကပဲလိုက်ခဲ့တယ်

ဗိုက်ကလည်း တော်တော်ဆာနေပြီ. . ဒါကိုအဖေလည်းသိပုံရတယ်"

"ပလာတူး အိမ်ပြန်ထမင်း စားကြမယ်. . ဆိုပြီး သားကို လှမ်းပြောသေးတယ်"

"အိမ်လည်း ပြန်ရောက်ရော အိမ်ပေါ်မှာ အမေနဲ့ဘိန်းမှုန့်ဖုတ်တဲ့ ဦးအောင်သောင်းကိုတွေ့တယ်. . ဦးလေးဦးအောင်သောင်းက အမေ့ကို ဇက်ကြောဆွဲပေးနေတယ်. . . အဖေက ဘာမှမပြောသေးဘူး. . . ဒီအတိုင်းကြည့်နေတယ်. . . အမေနဲ့ဦးလေးဦးအောင်သောင်းကလည်း အဖေ့ကိုကြည့်နေတယ်. . အတော်ကြာမှအဖေက . . ."

အိမ်လည်းပြန်ရောက်ရော အိမ်ပေါ်မှာ အမေနဲ့ဘိန်းမှုန့်ဖုတ်တဲ့ ဦးအောင်သောင်းကိုတွေ့တယ်. .

"လှအေး . . ငါတို့ထမင်းဆာလို့ . . . ထမင်းထည့်ကျွေးစမ်းပါ . . ဆိုပြီးပြောတယ်. . . ဒါကိုအမေက"

"ဟဲ့ မသာ . . နင်ကငါ့ကိုဘယ်နှပြားပေးထားလို့ ငါကနင့်ကိုထမင်းထည့်ကျွေးရမှာလဲ . . သွား . . သွား. . . စားချင်ရင် ကိုယ့်အမေအိမ်ကိုယ်ပြန်စား . . ဆိုပြီးပြောတယ်. . . ဒါကိုအဖေကသားကိုလှည့်ကြည့်ပြီး. .

www.foreverspace.com.mm



နင်ငါ့ကိုမကျွေးချင်ရင်လည်း ငါ့သားကိုတော့ ကျွေးလိုက်ပါဟာ . . သူ့ခမျာ မနက်ထဲကဘာမှမစားရသေးဘူး . . ဆိုတော့အမေက ထိုင်လျက်နဲ့ ခါးပေါ်လက်ထောက်ပြီး . ."

"ဟင် . . ခွေးမျိုး . . နင်လည်း နင့်အဖေနောက်ခွေးလို တကောက်ကောက်လိုက်နေတဲ့ကောင် . . ဘာမှအသုံးကျတဲ့ကောင် မဟုတ်ဘူး . . သွား . . သွား . . မကျွေးနိုင်ဘူး"

"ဆိုပြီး မောင်းထုတ်တယ် . . အဲဒီတော့မှ အဖေက နည်းနည်း စိတ်တိုသွားတယ်ထင်တယ်"

"ဟင် . . ပြောလိုက်ရင်ဒါမျိုးချည်းပဲ . . . နင်ငါ့ဖို့ မချက်ရင် ဘယ်လင်ငယ်အတွက် ချက်နေတာလဲ"

"ဆိုတော့ အမေကလည်း . . "

"ဟော့အကောင် . . ငါက ထမင်းချက်ရအောင် ဘယ်နှပြား ပေးထားလို့လဲ . . ငါ့ဟာနဲ့ငါ ကျွေးချင်တဲ့လူကျွေးမယ် နင်နဲ့ဘာ ဆိုင်လဲ . . ဆိုပြီးပြန်ပက်တယ် . . . အဖေကလည်း စိတ်တိုသွားပုံ ရတယ်"

"ကောင်မ . . . နင်ကဘယ်လင်အားကိုးနဲ့ခံပက်နေတာ လဲ . . . နင်ကငါ့ကိုများအာခံလို့ . . . ငါ ပါးတက်ချလိုက်ရ . . . ဆိုတာနဲ့အမေက . . "

"အေး . . . နင်ပါးချတာတော့မခံဘူး . . . ငါပဲ နင့်ကိုချမှာ"

"ဆိုပြီး ဘေးနားကကျောက်ပြင်ကြီးနဲ့ပစ်လိုက်တာ အဖေ့ နံကြားကို အွတ်ခနဲမှန်တယ် . . အဖေ ဒူးညွတ်ပြီး လဲမလိုဖြစ်သွား တယ် . . . ပြီးတော့ပါးစပ်ကလည်း . . . "

"ကောင်မ . . ငါပါးစပ်နဲ့ပြောတာ နင်ကလက်ပါတယ်ဟုတ် လား . . . ဆိုပြီး ပြောရုံရှိသေးတယ် . . . အမေကလက်ပါရုံမက

www.foreverspace.com.mm

ဘူး . . နင့်ကိုအသေသတ်မှာ"

"ဆိုပြီး ရေစည်ဘေးထောင်ထားတဲ့ အဝတ်လျှော်တုတ်ကြီးနဲ့ ကတောင်. . ကတောင်ခနဲပြေးရိုက်တာ. . အဖေကသူ့တုတ်ကိုလက်နဲ့ ကာရှောင်ရင်း . . . "

"လှအေး . . မလုပ်နဲ့ . . လှအေး"

"ဆိုပြီးအော်တယ်. . . နောက်မခံနိုင်တော့လို့ထင်တယ် . . အဘွားအိမ်ဘက်လှည့်ပြေးတယ်. . . အဖေ့ကိုကြည့်ပြီး ဦးလေးဦးအောင်သောင်းက . . . "

"ဟား ဟား . . လှအေးတို့လက်သံကပြောင်ပါ့. . . ကိုယ်တောင် လှအေးလက်သံမြည်းကြည့်ချင်ပြီ . . ဟီး ဟီး ဟီး"

"ဆိုပြီးပြောတယ်. . . ဒါကို အမေက . . . "

"စိတ်ချ . . ရှင်ကြီးလည်း ကျုပ်လက်သံမြည်းစမ်းရမယ်. . ကြပ်ကြပ်သတိထားလို့ပြောပြီး နှစ်ယောက်ရယ်နေကြတယ်"

"အဖေကတော့ ခပ်ဝေးဝေးကိုပြေးပြီးမှ အမေ့ဘက်လှည့်လို့ အော်ဆဲနေသေးတယ်. . အမေကတော့ ဦးအောင်သောင်းနှိပ်ပေးတာငြိမ်ခံရင်းပြုံးနေတယ်. . နောက်ကြာတော့အဖေလည်း မပြောနိုင်တော့ဘူးထင်တယ်. . အဘွားအိမ်ဘက် ဗိုက်ကလေးနှိပ်ပြီး ယိုင်ထိုးယိုင်ထိုးနဲ့လှမ်းသွားတယ်"

"အိမ်ရှေ့ရောက်တော့ အဘွားက . . "

"သူတောင်းစားလေး . . နင်အစောကြီးမူးလာပြန်ပြီလား ဘာဖြစ်လို့ အယုတ္တ အနတ္တတွေဆဲလာတာလဲ . . . ပါးစပ်ကစည်းကမ်းမရှိဘူး"

"ဆိုပြီးပြောတယ် ဒါကိုအဖေက . . "

"အမေ့ချွေးမလှအေးပေါ့ . . ကျွန်တော်အိမ်ပြန်ထမင်းစား

www.foreverspace.com.mm



တဲ့ဟာကို နင့်ဖို့ချက်မထားဘူး . . နင်ရှာထားတာဘယ်နှပြားရှိလို့လဲဆိုပြီး ကျောက်ပြင်နဲ့ကောက်ထုလို့ ဒီဘက်ထွက်လာတာ . . . အားကျွတ် . . ကျွတ် . . ဗိုက်နာလိုက်တာ ထမင်းလေးတော့ကျွေးပါအမေရာ . . "

"ဆိုပြီးပြောတယ် . . . အဖေ့စကားကိုအဘွားက . . "

"ဟဲ့ . . သေနာကျလေး . . မိန်းမယူလို့ ကလေးနှစ်ယောက်တောင်ရနေပြီ . . ဟင် . . ကိုယ်တိုင် လက်ကြောတင်းအောင်မလုပ်ဘဲ မိဘအိမ်ကပ်စားချင်နေတုန်းပဲ . . . ဟိုကလုပ်ထည့်လိုက်တာတောင်နည်းသေး . . . စားချင်ရင် မီးဖိုမှာသန်းရှိရှိတယ် . . . သူ့ပြောသူကျွေးရင်စား . . . သူမကျွေးရင် အငတ်နေ . . "

"ဆိုပြီး သားဘက်လှည့်ပြီးတော့ . . "

"ဟဲ့ . . ဟိုကောင်လေးရော စားပြီးပြီလား . . မစားရသေးရင်နင့်ဒေါ်ဒေါ်ကိုပြောပြီးဝင်စားချည် . . . တဲ့"

"အဖေကသားကို မီးဖိုခေါ်သွားတယ် . . မီးဖိုမှာကဒေါ်ဒေါ်ရီက ပြောင်းဖူးပြုတ်နေတယ်"

"ညီမ အစ်ကိုထမင်းမစားရသေးလို့ . . ထမင်းမစားရသေးတာ နှစ်ရက်ရှိပြီ . . . အဖေ့စကားလည်းကြားရောဒေါ်ဒေါ်ရီက"

"နှစ်ရက်ရှိမှာပေါ့ . . ဟိုအရည်တွေချည်းလှည့်ပတ်သောက်နေတာကိုး . . . သွား . . . ဒီမှာ အစ်ကိုတင်ဖေအတွက်ပဲရှိတယ် . . စားချင်ရင် ကိုယ့်မိန်းမကိုပြန်ချက်ခိုင်း"

"ဒေါ်ဒေါ်ရီ့စကားလည်းကြားရော . . . အဖေက ဟီးခနဲငိုချပြီး . . "

"ငါ့မိန်းမလှအေးမကျွေးလို့ ဒီရောက်လာတာပေါ့ . . . ဒီကောင်မ ငါ့ကိုနှိပ်စက်တယ် . . ဟီး . . ဆိုပြီးငိုချလိုက်မှဒေါ်ဒေါ်ရီ

www.foreverspace.com.mm

လည်း သနားသွားတယ်ထင်တယ်"

"ငိုမနေနဲ့ . . အစ်ကိုတင်ဖေ အတွက်ရှိတာမှစား . . ဟိုကောင်လေးရော မစားရသေးဘူး မဟုတ် လား . . လာ . . ဒီမှာလာစား"

"ဆိုပြီး ထမင်းအိုးချပေး တယ် . . . နောက် ငပိတစ်ကလော်ကို ရေဖျော်ပေးတယ်"

"သားကတော့ စားတာပဲ . . ဖေဖေကတော့ စားမဝင်ဘူးထင်တယ် လက်တွေတုန်ပြီး ကြို့တွေထိုးနေတယ် ထမင်းကိုတစ်လုတ် . . . နှစ်လုတ် လောက်စားပြီး . . ."

**သားကတော့ စားတာပဲ ဖေဖေကတော့ စားမဝင်ဘူး ထင်တယ် လက်တွေတုန်ပြီး ကြို့တွေထိုးနေတယ်**

"သန်းရီ ငါထမင်းစားမဝင် ဘူး ပြောင်းဖူးတစ်ဖူးလောက်ကျွေး"

"ဆိုပြီး တောင်းတယ် . . ဒါကို ဒေါ်ဒေါ်ရီက . . ."

"အလိုတော် . . . ထမင်း လည်းစား . . . ပြောင်းဖူးလည်း စား ဆို မလွန်ဘူးလား"

"ငါ ထမင်းမဝင်လို့ပါဟယ်"

"အဲဒါနဲ့ဒေါ်ဒေါ်ရီက ရောင်း လို့မရတဲ့ ပြောင်းဖူးအပျက်တစ်ခုကို ပစ်ချပေးပြီး . . ."

www.foreverspace.com.mm

"မျို . . . ဆို့ . . . ဆိုပြီးပေးတယ်. . ဖေဖေက ပြောင်းဖူးလေးစားပြီး . . "

"သန်းရီ . . ငါ့ဗိုက်ထဲက အောင့်အောင့်နေသလိုပဲ . . တဲ့ ဒါကိုဒေါ်ဒေါ်ရီက . . . "

"ဗိုက်အောင့်တာ ကျုပ်ကဘာလုပ်ပေးရမှာလဲ . . ကိုယ့်ဘာသာကိုယ်သွားအိပ်နေချည်လို့ပြောတယ်"

"ဖေဖေက ဗိုက်ကလေးနှိပ်ပြီး အိမ်ထဲဝင်သွားတယ် . . . သားထမင်းစားပြီးပြန်ထွက်လာတော့ ဖေဖေအိပ်ရာထဲ ဟိုလှိမ့် ဒီလှိမ့်ဖြစ်နေတယ်. . . သားလည်း ပူစူးတို့ ပေါက်ကျော်တို့နဲ့ ကစားပြီး သိပ်မကြာဘူး . . . အိမ်ထဲက အဘွားရဲ့အော်သံကြားရတယ်"

"မောင်တင်မောင်သေပြီ . . . တဲ့ . . . ဒေါ်ဒေါ်ရီကလည်း ပြောတယ်. . . အစ်ကိုတင်မောင်သေပြီ. . . ဒုက္ခပေးမယ့်လူတစ်ယောက်တော့ လျော့သွားပြီပေါ့. . . အဘတင်ဖေလည်းပြောတယ် တင်မောင်သေပြီ ဒီအိမ်ကို အမွေခွဲစရာ ငါနဲ့သန်းရီပဲကျန်တော့တယ် တဲ့"

www.foreverspace.com.mm

နေရောင်က ဆိတ်ဖလူးပင်ပေါ်မှနေ ကွက်တိကွက်ကြား ဖြာကျနေပြီ။ သူမကတော့ ဟိုဘက်ငေးလိုက်၊ ဒီဘက်ငေးလိုက်လုပ်နေရာမှ နာရီကို ပင့်ကြည့်ရင်း . .


"ပြန်တော့မယ် . ."

သူမ၏စကားကို ကျွန်တော်က . . .

"ပြန်တော့မှာလား ရောက်တာသိပ်တောင်မကြာသေးဘူး"

www.foreverspace.com.mm





"ဟင့်အင်း . . မရတော့ဘူး။ ကျူရှင်သွားမယ်ဆိုပြီး ထွက်လာတာ။ ခဏနေရင် အစ်ကိုကဖုန်းဆက်ပြီး လာကြိုတော့မှာ . . . အဲဒီ့အမီသွားရမယ်လေ . ."

ဆိုပြီး မတ်တပ်ထရပ်သည်။ ပြီးတော့ သူ့ကိုယ်သူပြန်ပြီး ဟိုငဲ့ကြည့်၊ ဒီငဲ့ကြည့်လုပ်၏။

"ကိုယ်လိုက်ပို့ပေးမယ်လေ"

သူမက ခေါင်းရမ်းရင်း . .

"မပို့နဲ့ . . မပို့နဲ့ . . အစ်ကိုနဲ့သွားရင်ကြာလိမ့်မယ်။ ညီမလေးဘာသာ လမ်းထိပ်က ကားငှားသွားတော့မယ်"

"ဒါဆိုလည်း လမ်းထိပ်ပဲလိုက်ပို့တော့မယ်"

သူမခေါင်းညိတ်သည်။

ခနော်နီခနော်နဲ့ မြေနီလမ်းကလေးကို သူမဒေါက်ဖိနပ်နှင့် အသေအချာ နင်းလျှောက်နေရင်းမှ . .

"အဲ့ . ."

ဟူသော အာမေဋိတ်သံနှင့် အတူ ကျွန်တော့်လက်မောင်းကို အထိတ်တလန့်လာကိုင်သည်။

www.foreverspace.com.mm

"ဘာဖြစ်လို့လဲ.. ဘာတွေ့လို့လဲ .."

ကျွန်တော့်အမေးကို သူမက

"ဟိုမှာလေ... တီကောင်သေးသေးလေး လန့်သွားတာပဲ ..."

ကျွန်တော်ပြုံးလိုက်မိသည်။ ဩော်.. တီကောင်မြင်တာတောင်လန့်ချင်နေသည့် ကောင်မလေးပါလား။ ကျောက်လမ်းမ ဈေးဆိုင်တန်းဘက်ဖြတ်တော့သူမက ကျွန်တော်နှင့်ခပ်ခွာခွာလျှောက်ရင်း မကျေနပ်ဟန်ဖြင့်

"အဲဒါကြောင့် အစ်ကို့ဆီမလာချင်တာပေါ့"

ဟုပြောသည်။ ကျွန်တော် သာမျက်မှောင်ကြုတ်ရင်း ..

"ဘာဖြစ်လို့လဲ .."

"ဟိုမှာလေ... သူများတွေဝိုင်းကြည့်နေတာ..."

ကျွန်တော်မမြင်ပါ။ သူမက မြင်ပါသည်။ အမှန်တော့ ကျွန်တော်နှင့်တွဲလျှောက်၍ သူမကိုကြည့်တာမဟုတ်။ ဒီနားမှာမဝတ်နိုင်တဲ့ မဝတ်တတ်တဲ့အကောင်းစား ဝတ်စုံပြိုးပြိုးပြောင်ပြောင်တွေဝတ်လာ၍ လိုက်

ဒီနားမှာမဝတ်နိုင်တဲ့
မဝတ်တတ်တဲ့အကောင်းစား
ဝတ်စုံပြိုးပြိုးပြောင်ပြောင်တွေ
ဝတ်လာ၍လိုက်ကြည့်ကြခြင်းသာ

ကြည့်ကြခြင်းသာ။

လမ်းထိပ်ရောက်တော့ တက္ကစီတစ်စီးကို အခန့်သင့်တွေ့သည်။ သူမက ကားဆရာကို သွားမည့်နေရာပြော၍ ကားပေါ်တက်ထိုင်လိုက်ပြီး . . .

"သွားတော့မယ် . . ညကျရင် ဖုန်းဆက်လိုက်ဦး"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သူမကို သယ်ဆောင်သွားသော ကားကလေးက တဖြည်းဖြည်းနှင့်ဝေးကွာသွားလေပြီ။

ဝေဒနာသည် မော်တော်ကားဖြစ်ပါက သူမဝေဒနာတွေကို စီးနင်းသွားခြင်းသာဖြစ်ပေလိမ့်မည်။ ကျွန်တော်ကတော့ သံသယဖြစ်ဖွယ်မရှိသော လမ်းမကြီးပေါ် ရပ်ကျန်ရစ်ဆဲ . .။

လောကကြီးတွင် သူမကဲ့သို့ ခံစားလွယ်တတ်သော သူများအတွက် အလွမ်းဇာတ်မည်မျှရှိနေမည်ကို ကျွန်တော်မခန့်မှန်းတတ်ပါ။ နေတတ်နေသော သူများအတွက်ကတော့ ဘယ်အချိန်မဆို . .

နတ်ပြည်၏ နံနက်ခင်းသာ . . .

www.foreverspace.com.mm

www.foreverspace.com.mm

ရက်လည်ဆွမ်းသွပ်တရားသံတွေ ဝေနေလေပြီ။

ရေစက်ကလေးများကျသံနှင့်အတူ အမျှဝေသံက စည်စည်ကားကား။

ထိုအထဲကမှ ထူးထူးခြားခြား ကြည်ကြည်မြမြ ကြားနေ ရသံကတော့

"သွားတော့ သားရေ. . . သွားတော့ . .။ လောကမှာ ကိုယ်လိုချင်တဲ့မိန်းမလည်းရ။ ကိုယ်ကြိုက်တဲ့အရက်လည်း တဝသောက်ပြီး

www.foreverspace.com.mm

သေပစ်လိုက်တဲ့ မင်းဘဝပဲအေးပါ တယ်ကွယ် . . "

"နင်သေတော့ ငါလည်း မငိုဘူး။ နင့်အစ်ကိုလည်း မငိုဘူး။ နင့်ညီမလည်း မငိုဘူး။ ဟိုကောင်မ လှအေးသာငိုချင်ယောင်ဆောင်သွားတာ။ ကျက်သရေကိုတုံးရော"

"နင့် သားနဲ့သမီးတွေအတွက်စိတ်ချကွယ့်။ လှအေးကိုလည်း မပူနဲ့ . . . သူ့နောက်လင်က လုပ်ကျွေးလိမ့်မယ် . . "

"ဒီတစ်ခါတော့ ငါ့သားတင်မောင်က ဘချောထက်နှာတစ်ဖျား သာသွားပြီဟေ့။ နင်တို့နှစ်ကောင်ရဲ့ မယားအလိမ္မာတုံးကြီး လှအေးလေ ဒီနေ့မှနင့်ရက်လည်မှာကို မနေ့ကတည်းက တင်ဖေ့ အလုပ်ရှင်ကားကိုမောင်းတဲ့ ဆရာလေးနဲ့လိုက်ပြေးလို့ဟေ့ . . "

"ဘိန်းမှုန့်ဖုတ်တဲ့ အောင်သောင်းကတော့ ဘာကြောင့်ရယ် မသိပေါင်။ မျက်နှာကြီးကိုရှုံ့မဲ့လို့။ အေးလေ . . ဒါတွေ ငါ့သားတင်မောင်နဲ့မှ မဆိုင်တော့တာ။ ငါ့သားခမျာ ကိုယ်လိုချင်တဲ့မိန်းမလည်းယူ၊



ကိုယ်ကြိုက်တဲ့အရက်လည်း တဝသောက်ပြီးအပြီး သေပစ်လိုက်ပြီပဲ . . . မင်းဘဝပဲ အားကျသကွယ့် . . ."

"နင်သေတော့ ငါလည်း မငိုဘူး။ နင့်အစ်ကိုလည်း မငိုဘူး။ နင့်ညီမလည်း မငိုဘူး။ ဟိုကောင်မလှအေးသာ . . ."


"ပြောရဦးမယ် တင်မောင်ရေ . . မိဘမျက်ရည်တစ်စက်ဟာ သားသမီးဆင်းရဲ တစ်သက်တဲ့ကွယ့်"

"အခု ငါမင်းအတွက် မျက်ရည်မကျတော့ ငါ့သားတင်မောင် နတ်ပြည်ရဲ့နံ့နက်ခင်းမှာ ချမ်းချမ်းသာသာနဲ့စံမြန်းရမှာပါကွယ် . ."

"ငါ့သားတင်မောင်ကြီး နတ်ပြည်ရဲ့နံ့နက်ခင်းမှာ ပျော်နိုင်ပါစေကွယ်"

လေးစားစွာ ကြိုးစားလျက်

အကြည်တော်


နတ်ပြည်၏နံနက်ခင်း
ILLUSTRATED BY KO SAN